လူ့အခွင့်အရေးဆိုင်ရာ
ကုလသမဂ္ဂမဟာမင်းကြီးရုံး

ကျွမ်းကျင်မှုဆိုင်ရာသင်တန်း အမှတ်စဉ် ၅ /နောက်ဆက်တွဲ ၃

တံဆိပ်

# ရဲများဆိုင်ရာ
# လူ့အခွင့်အရေးစံများနှင့်ကျင့်စဉ်

တိုးချဲ့ထားသော
ရဲများဆိုင်ရာလူ့အခွင့်အရေးအိတ်ဆောင်စာအုပ်

တံဆိပ်

**ကုလသမဂ္ဂ**
**နယူးယောက်နှင့် ဂျီနီဗာ၊ ၂၀၀၄**

HR/P/PT/5/Add.3


| |
|---|
| ကုလသမဂ္ဂဖြန့်ချိရေး |
| အရောင်း အမှတ် E.03.XIV.7 |
| ISBN 92-1-154153-0 |
| ISBN 1020-1688 |

# မှတ်ချက်

ဤလမ်းညွှန်ကို ပြည်သူ့ရဲအရာရှိများအတွက် အဆင်သင့် ရယူနိုင်၍အလွယ်တကူယူဆောင်သွားနိုင်သော အကိုးအကား အဖြစ် ဖန်တီးထားပါသည်။ စုံစမ်းစစ်ဆေးခြင်းများ၊ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ထားခြင်းနှင့် အင်အားအသုံးပြုခြင်း စသည့် ပြည်သူ့ရဲများနှင့် သက်ဆိုင်သော အဓိကလူ့အခွင့် အရေးများဆိုင်ရာ အကြောင်းအရာများဖြင့် ဤစာအုပ်ကို ဖွဲ့စည်းထားပါသည်။ ခေါင်းစဉ်တစ်ခုချင်းစီ၏အောက်တွင် သက်ဆိုင်ရာ လူ့အခွင့်အရေးများဆိုင်ရာစံများကို အနှစ်ချုပ် ထားသောအပိုင်းပါရှိပြီး၊ ၄င်းနောက်အဆိုပါစံများကို အသုံး ချရန်အတွက်အကြံပြုချက်များပါရှိသည့် "ကျင့်စဉ်" အပိုင်း ပါရှိပါသည်။

လူ့အခွင့်အရေးများဆိုင်ရာစံများနှင့် ကျင့်စဉ်များအတွက် အရင်းအမြစ်များကို ဤလမ်းညွှန်၏ အဆုံးတွင်စာရင်းပြုစု ထားပါသည်။ ၄င်းတို့တွင် ကုလသမဂ္ဂကသဘောတူ လက်ခံ ထားသည့် ကုလသမဂ္ဂလူ့အခွင့်အရေးများဆိုင်ရာ အဓိက နိုင်ငံတကာသဘောတူစာချုပ်များနှင့် များစွာသော အထူးပြု ထားသည့်ကြေညာချက်များနှင့် ဥပဒေကိုအတည်ပြုလိုက် နာစေခြင်းဆိုင်ရာမူသဘောတရားများပါဝင်ပါသည်။

*

*     *

ဤထုတ်ဝေဖြန့်ချိခြင်းတွင်အသုံးပြုထားသည့်ရာထူးများနှင့် အကြောင်းအရာဆိုင်ရာများ၏ တင်ပြချက်များသည် မည် သည့်နိုင်ငံ၊ နယ်နိမိတ်၊ မြို့တော် သို့မဟုတ် ဒေသ သို့မဟုတ် ၄င်း၏အာဏာပိုင်များ၊ သို့မဟုတ် ၄င်း၏နယ်ခြား သို့မဟုတ် နယ်နိမိတ်များကိုဘောင်ခတ်ခြင်းတို့၏ ဥပဒေ ရေးရာ အဆင့်အတန်းနှင့်စပ်လျဉ်းပြီး အတွင်းရေးမှူးချုပ် ရုံး၏ ကဏ္ဍ၏မည်သည့်ထင်မြင်ယူဆချက်ကိုမျှ ဖော်ပြခြင်း မဟုတ်ပါ။

*

*     *

ဤထုတ်ဝေဖြန့်ချိခြင်းတွင်ပါရှိသောအရာများကို လွတ်လပ်စွာ ကိုးကားခြင်း သို့မဟုတ် ပြန်လည်ပုံနှိပ်ခြင်းပြုလုပ် နိုင်သော်လည်း၊ ကုလသမဂ္ဂ လူ့အခွင့်အရေးများဆိုင်ရာ မဟာမင်းကြီးရုံးအား ဂုဏ်ပြုမှတ်တမ်းတင်ခြင်းပြု၍၊ ပြန်လည်ပုံနှိပ်ချက်များပါဝင်သော ထုတ်ဝေဖြန့်ချိသည့်စာအုပ်စာတမ်းတစ်စောင် ကို ကုလသမဂ္ဂ လူ့အခွင့်အရေး များဆိုင်ရာ မဟာမင်းကြီးရုံး၊ Palais des Nations, 8-14 avenue de la Paix, CH-1211 Geneva 10, Switzerland သို့ပို့ပေးရမည်ဖြစ် သည်။

# မာတိကာ

စာမျက်နှာ


အထွေထွေလူ့အခွင့်အရေးများဆိုင်ရာမူသဘောတရားများကို
ကိုကျင့်သုံးခြင်း................................................................... ၁
ကျင့်ဝတ်နှင့်ဥပဒေဆိုင်ရာအလေ့အကျင့်များ................................ ၂
ဒီမိုကရေစီစနစ်အတွင်းထိန်းသိမ်းကြပ်မတ်ခြင်း.......................... ၄
ဥပဒေကိုအတည်ပြုလိုက်နာစေရာတွင်ခွဲခြားဘက်လိုက်မှုမရှိခြင်း.. ၇
ရဲကစုံစမ်းစစ်ဆေးခြင်း ........................................................ ၁၀
ဖမ်းဆီးခြင်း.......................................................................... ၁၃
ချုပ်နှောင်ထားရှိခြင်း............................................................. ၁၇
အင်အားနှင့် သေနတ်လက်နက်အသုံးပြုခြင်း ............................ ၂၃
အရပ်ဘက်မငြိမ်သက်မှု၊ အရေးပေါ်အခြေအနေများနှင့် လက်နက်
ကိုင်ပဋိပက္ခဖြစ်မှု ................................................................. ၂၈
လူငယ်များကိုအကာအကွယ်ပေးခြင်း ....................................... ၃၈
အမျိုးသမီးများဆိုင်ရာ လူ့အခွင့်အရေးများ ............................... ၄၂
ဒုက္ခသည်များနှင့် နိုင်ငံသားမဟုတ်သူများ ................................ ၄၇
ပြစ်မှုကျူးလွန်ခြင်းခံရသူများ၏လူ့အခွင့်အရေးများ .................. ၅၂
ရဲ၏ထိန်းချုပ်မှုနှင့် စီမံခန့်ခွဲမှု ................................................ ၅၅
လူ့အဖွဲ့အစည်းကိုထိန်းသိမ်းကြပ်မတ်ခြင်း ................................. ၅၈
လူ့အခွင့်အရေးများကိုပြည်သူ့ရဲများ၏ချိုးဖောက်မှုများ ................ ၅၉
လူ့အခွင့်အရေးစံများနှင့် ကျင့်စဉ်အတွက်အရင်းအမြစ်များ........... ၆၃

## အထွေထွေလူ့အခွင့်အရေးများဆိုင်ရာမူသဘောတရားများကိုကျင့်သုံးခြင်း

### လူ့အခွင့်အရေးစံများ

အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးများဆိုင်ရာဥပဒေသည် နိုင်ငံအားလုံးနှင့် ဥပဒေကိုအတည်ပြုလိုက်နာစေရေး အရာရှိများအပါအဝင် ၄င်းတို့၏ကိုယ်စားလှယ်များအပေါ်တွင် စည်းနှောင်အားရှိသည်။

လူ့အခွင့်အရေးများသည် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အပြည်ပြည်ဆိုင်ရာ စိစစ်ခြင်းကိုခံရနိုင်သော တရားဝင် တိုင်းတာနိုင်သည့် အကြောင်းအရာ ဖြစ်သည်။

ဥပဒေကိုအတည်ပြုလိုက်နာစေရေးအရာရှိများသည် လူ့အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစံများကို သိရှိနားလည်ရန်နှင့် လိုက်နာကျင့်သုံးရန် တာဝန်ရှိသည်။

### လူ့အခွင့်အရေးများဆိုင်ရာကျင့်စဉ်

- သင်၏အဖွဲ့အစည်းအတွက်ပြီးပြည့်စုံသော လူ့အခွင့်အရေးများဆိုင်ရာမူဝါဒကို သဘောတူ လက်ခံချမှတ်ပါ။
- ရဲများဆိုင်ရာတည်ရှိဆဲအမိန့်များတွင် လူ့အခွင့်အရေးစံနှုန်းများကို ထည့်သွင်းပေါင်းစည်းပါ။
- ပြည်သူ့ရဲများအားလုံးကို တပ်သားသစ်စုဆောင်းချိန်နှင့် ပုံမှန်သင်တန်းပေးရာတွင် လူ့အခွင့်အရေးများဆိုင်ရာများကို ထည့်သွင်းသင်တန်းပေးပါ။
- ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပါ။

## ကျင့်ဝတ်ဆိုင်ရာနှင့် ဥပဒေဆိုင်ရာအပြုအမူ

လူ့အခွင့်အရေးများသည် လူပုဂ္ဂိုလ်၏မွေးရာပါဂုဏ်သိက္ခာမှ ရရှိခြင်းဖြစ်သည်။

ဥပဒေကိုအတည်ပြုလိုက်နာစေသော ပြည်သူ့ဝန်ထမ်း အရာရှိများသည် ဥပဒေကို အမြဲတမ်းရိုသေပြီးလိုက်နာရမည်။

ဥပဒေကိုအတည်ပြုလိုက်နာစေရေးအရာရှိများသည်၎င်းတို့၏ အလုပ်အကိုင်အရလိုအပ်သည့် မြင့်မားသောတာဝန်ရှိမှုနှင့် ညီညွတ်စွာ လူအားလုံးကို တရားဥပဒေနှင့် မညီသော ပြုလုပ်မှုများမှ အကာအကွယ်ပေးခြင်းဖြင့်လည်းကောင်း၊ လူ့အဖွဲ့အစည်းကို အလုပ်အကျွေးပြုခြင်းဖြင့်လည်းကောင်း၊ ဥပဒေကပေးအပ်ထားသောတာဝန်ကို အမြဲတမ်းကျေပွန်စွာထမ်းဆောင်ရပါမည်။

ဥပဒေကို အတည်ပြုလိုက်နာစေရေးအရာရှိများသည် မည်သည့်အဂတိလိုက်စားမှုကိုမျှ မကျူးလွန်ရပါ။ အဆိုပါကျူးလွန်မှုအားလုံးကို ပြင်းထန်စွာ ဆန့်ကျင်ပြီး တိုက်ဖျက်ရပါမည်။

ဥပဒေကို အတည်ပြုလိုက်နာစေရေးအရာရှိများသည် လူ့ဂုဏ်သိက္ခာကို ရိုသေကာ၊ အကာအကွယ်ပေးရမည်ဖြစ်ပြီး လူအားလုံး၏လူအခွင့်အရေးများကို ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်ခြင်းများ ပြုရပါမည်။

ဥပဒေကို အတည်ပြုလိုက်နာစေသောအရာရှိများသည် လူ့အခွင့်အရေးများကို ကာကွယ်၍မြှင့်တင်ပေးသည့်ဥပဒေများ၊ စည်းမျဉ်းများနှင့် မူသဘောတရားများအား ချိုးဖေါက်မှုများကို အစီရင်ခံရပါမည်။

ပြည်သူ့ရဲများ၏ဆောင်ရွက်မှုအားလုံးသည် တရားဥပဒေနှင့် ညီညွတ်ခြင်း၊ လိုအပ်ခြင်း၊ ခွဲခြားမှုမရှိခြင်း၊ အချိုးကျညီညွတ်ခြင်းနှင့် လူသားချင်းစာနာခြင်း ဆိုင်ရာမူသဘောတရားများကို လေးစားရပါမည်။

## လူ့အခွင့်အရေးများဆိုင်ရာကျင့်စဉ်

*ရဲအရာရှိများအားလုံး*

- သင်၏ဥပဒေရေးရာအခွင့်အာဏာများနှင့် ၄င်းတို့၏ကန့်သတ်ချက်များကို ပိုမိုနားလည်ရန် တာဝန်ထမ်းဆောင်စဉ်တက်ရောက်ရသော သင်တန်းအစီအစဉ်များ အားလုံးတွင် ပါဝင်ပါ။
- တရားမဝင်သတ်ဖြတ်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းအစရှိသည့်ကြီးလေးသော လူ့အခွင့်အရေးများကို ချိုးဖေါက်ခြင်းကို မှန်ကန်ကြောင်းရှင်းလင်းရန်အတွက် "အထက်အမိန့်များကို လိုက်နာရပါသည်" ဟု ကိုးကား၍ မရသည်ကို သတိရပါ။
- သင့်ကိုယ်သင် အတွင်းနှင့် အပြင် တိုင်ကြားခြင်းနှစ်ရပ်စလုံးနှင့်အစီရင်ခံခြင်းလုပ်ထုံးလုပ်နည်းများကို သိရှိအောင်လုပ်ပါ။
- တရားဥပဒေကို ချိုးဖေါက်ခြင်းနှင့် လူ့အခွင့်အရေးများကို ချိုးဖေါက်ခြင်းများကို အစီရင်ခံပါ။

### *ထိန်းချုပ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာအရာရှိများ*

- ရဲအရာရှိအားလုံးကို ၄င်းတို့၏တရားဥပဒေဆိုင်ရာအာဏာများနှင့် နိုင်ငံသားများ၏ တရားဥပဒေဆိုင်ရာ အခွင့်အရေးများကိုအပြည့်အဝနားလည်ကြောင်း သေချာစေရန်အတွက် တာဝန်ထမ်းဆောင်စဉ်အတွင်း သင်တန်းများပေးပါ။
- စံနမူနာနှင့် ကောင်းမွန်သောထိန်းချုပ်မှုနှင့် အုပ်ချုပ်မှုကျင့်စဉ်တို့အရ၊ ရဲအရာရှိအားလုံးက လူအားလုံး၏ ဂုဏ်သိက္ခာကိုလေးစားတန်ဖိုးထား ကြောင်းသေချာပါစေ။
- ရဲမူဝါဒနှင့် မဟာဗျူဟာများ၊ လက်အောက်ခံဝန်ထမ်းများအပေါ်ထုတ်ပြန်သော အမိန့်များတွင် လူ့အခွင့်အရေးများကိုအကာအကွယ်ပေးခြင်းနှင့် မြှင့်တင်ခြင်း တို့၏ လိုအပ်မှုကိုထည့်သွင်းစဉ်းစားကြောင်း သေချာပါစေ။
- လူ့အခွင့်အရေးဆိုင်ရာချိုးဖေါက်မှုများအပေါ် အစီရင်ခံစာများနှင့် အသိပေး တိုင်ကြားချက်များကို ကောင်းမွန်ပြည့်စုံစွာ စုံစမ်းစစ်ဆေးကြောင်း သေချာပါစေ။
- အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံများပါရှိသည့် တည်ဆဲအမိန့်များ ကိုဖေါ်ထုတ်၍ အတည်ပြုလိုက်နာပါ။

- သင်၏ရဲဆောင်ရွက်မှုအတွက် အပြုအမူဆိုင်ရာ ကျင့်ဝတ်စည်းမျဉ်းစုကို ဤခေါင်းစဉ်အောက်တွင် ဖော်ပြထားသည့် အပြည်ပြည်ဆိုင်ရာစံများကို ထည့်သွင်းကာ တိုးတက်ဖွံ့ဖြိုးအောင် လုပ်ပါ။

## ဒီမိုကရေစီစနစ်အတွင်း ထိန်းသိမ်းကြပ်မတ်ခြင်း

### လူ့အခွင့်အရေးစံများ

ရဲသည် လူထု၏ လုံခြုံမှုနှင့် လူအားလုံး၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မှုအတွက် ဆောင်ရွက်ပေးရမည်။

ရဲသည် အုပ်ချုပ်ရေးမှ အချုပ်အချယ်ကင်းသော အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး တရားရုံးများ၏ ညွှန်ကြားမှုအောက်တွင် ရှိရမည်ဖြစ်ကာ ၎င်းတို့၏အမိန့်များကို လိုက်နာရမည်။

တရားဥပဒေကို အတည်ပြုလိုက်နာစေသောအဖွဲ့အစည်းတိုင်းသည် လူ့အဖွဲ့အစည်းတစ်ခုလုံးကို ကိုယ်စားပြုရမည်ဖြစ်သလို လျင်မြန်စွာ တုံ့ပြန်ခြင်းနှင့် တာဝန်ခံယူခြင်းပြုရမည်။

ရဲအရာရှိ အားလုံးသည် လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းဖြစ်သလို အလုပ်အကျွေးပြုရန်လည်း တာဝန်ရှိသည်။

ရဲတပ်ဖွဲ့ဝင်များသည် ၎င်းတို့၏လုပ်ငန်းများ၊ အခွင့်အာဏာများနှင့် တာဝန်များကို ဆောင်ရွက်ရာတွင် လူထုနှင့် ကောင်းမွန်သောအစိုးရတို့၏ ခွဲခြားဘက်လိုက်မှုမရှိသောဝန်ထမ်းများအဖြစ် လုပ်ကိုင်ရမည်။

ရဲတပ်ဖွဲ့ဝင် မည်သူတစ်ဦးတစ်ယောက်မျှ နိုင်ငံရေးလှုပ်ရှားမှုများတွင် တိုက်ရိုက်ပါဝင်ခြင်း မပြုလုပ်နိုင်ပါ။

မည်သည့်နိုင်ငံရေးပါတီ သို့မဟုတ် နိုင်ငံရေးအပေါ်စိတ်ဝင်စားသောအဖွဲ့၊ သို့မဟုတ် အဆိုပါပါတီ သို့မဟုတ် အဖွဲ့၏ မည်သည့်အဖွဲ့ဝင်ကိုမဆို အားပေးထောက်ခံရန် သို့မဟုတ် အင်အားချိနဲ့စေရန် အတွက် သူ သို့မဟုတ် သူမ၏လုပ်ငန်းများ သို့မဟုတ် အခွင့်အာဏာများကိုကျင့်သုံးရန် မည်သည့်ရဲတပ်ဖွဲ့ဝင်ကိုမျှ အမိန့်ပေးခြင်း သို့မဟုတ် အတင်းအကြပ်ဆောင်ရွက်စေခြင်း သို့မဟုတ် ရဲတပ်ဖွဲ့ဝင်အင်အားကိုအသုံးချခြင်း မပြုရ။

ရဲသည် နိုင်ငံရေးပါတီများ၊ လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအားလုံး၏အခွင့်အရေးများကို ကြောက်ရွံ့ခြင်း သို့မဟုတ် အလေးပေးခြင်း မရှိစေဘဲ တန်းတူညီမျှစွာ အခွင့်အရေးများကို ထိန်းသိမ်းပေးရန်နှင့် အကာအကွယ်ပေးနိုင်စွမ်းရှိစေရန် တာဝန်ရှိပါသည်။

သူ သို့မဟုတ် သူမ၏အခွင့်အရေးများနှင့် လွတ်လပ်မှုများကိုကျင့်သုံးရာတွင်၊ လူတိုင်းသည် ဥပဒေက သတ်မှတ်ထားရှိသော အဆိုပါအကန့်အသတ်များအရသာလျှင် ဖြစ်စေရမည်။

အခွင့်အရေးများနှင့် လွတ်လပ်မှုများကို ကျင့်သုံးမှုများအပေါ်ကန့်သတ်ချက်များသည်၊ အခြားသူများ၏အခွင့်အရေးများကို အသိအမှတ်ပြုခြင်း၊ လေးစားခြင်းနှင့် ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းအတွင်းရှိ အကျင့်သိက္ခာ၊ အများပြည်သူ စနစ်တကျရှိမှု နှင့် အထွေထွေကောင်းကျိုးတို့ ၏တရားမျှတသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်တို့အတွက်သာလျှင် ဖြစ်ရမည်။

လူတိုင်းသည် သူ သို့မဟုတ် သူမ၏တိုင်းပြည်၏အစိုးရတွင် တိုက်ရိုက် သို့မဟုတ် လွတ်လပ်စွာ ရွေးချယ်ထားသော ကိုယ်စားလှယ်များမှတဆင့် ပါဝင်ဆောင်ရွက်ရန် အခွင့်အရေး ရှိသည်။

ပြည်သူများ၏ဆန္ဒကို လူအားလုံး မျှတစွာမဲပေးနိုင်ခွင့်ရှိသော ပုံမှန်နှင့် စစ်မှန်သည့် ရွေးကောက်ပွဲများတွင် ထုတ်ဖော်ခွင့်ရှိရမည်။

လူတိုင်းတွင် ထင်မြင်ယူဆချက်၊ ထုတ်ဖော်ပြောဆိုခြင်း၊ စုရုံးခြင်းနှင့် အသင်းဖွဲ့စည်းဆောင်ရွက်ခြင်းဆိုင်ရာ လွတ်လပ်ခွင့်ရှိရမည်။

## လူ့အခွင့်အရေးများဆိုင်ရာကျင့်စဉ်

ရဲအရာရှိများအားလုံး

- နိုင်ငံရေးဆိုင်ရာ လွတ်လပ်မှုနှင့် သမာသမတ်ရှိမှုကို အမြဲတမ်း ထိန်းသိမ်းရမည်။
- တာဝန်များအားလုံးကို သမာသမတ်ကျစွာနှင့် လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ဘာသာရေး သို့မဟုတ် နိုင်ငံရေးကဲ့သို့သော အကြောင်းပြချက်များဖြင့်လည်း ခွဲခြားမှုမရှိဘဲ ဆောင်ရွက်ရမည်။

- နိုင်ငံရေးလုပ်ငန်းစဉ်များအတွက် လိုအပ်သော အခွင့်အရေးများ အပါအဝင်၊ လူအားလုံး၏ လူ့အခွင့်အရေးများကို အကာအကွယ် ပေး၍ လေးစားရမည်။

- ဒီမိုကရက်တစ်နိုင်ငံရေးလုပ်ငန်းစဉ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တရားဥပဒေတို့နှင့် အညီ ဆောင်ရွက်နိုင်စေရန် လူမှုရေးစနစ်တကျရှိမှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည်။

***ထိန်းချုပ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာအရာရှိများ***

- ရဲတပ်ဖွဲ့၏ မူဝါဒများနှင့် နည်းဗျူဟာများသည် ဒီမိုကရက်တစ်အစိုးရကို လေးစားမှုအပေါ် အခြေခံကြောင်းကို သေချာစေရမည်။

- ဒေသတွင်း လူ့အဖွဲ့အစည်း၏ အထူးလိုအပ်ချက်များကို ရှာဖွေရန် နည်းလမ်းများကို ဖန်တီးပြီး ထိုလိုအပ်ချက်များကို တုံ့ပြန်ရမည်။

- မျှတပြီး ခွဲခြားမှုမရှိသည့် တပ်ဖွဲ့ဝင်စုဆောင်းခြင်း၊ စီမံခန့်ခွဲခြင်းဆိုင်ရာ မူဝါဒနှင့် ကျင့်စဉ်များတို့ဖြင့် ရဲတပ်ဖွဲ့များ၏ ပေါင်းစပ်ဖွဲ့စည်းမှုသည် လူ့အဖွဲ့အစည်းတရပ်လုံးအား ကိုယ်စားပြုခြင်းကို သေချာစေရန် ပြုလုပ်ရမည်။

- ဒီမိုကရက်တစ်အစိုးရအောက်တွင် ဒီမိုကရက်တစ်ထိန်းသိမ်းကြပ်မတ်ခြင်း၏ တောင်းဆိုမှုများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဆန္ဒရှိသော ရဲအရာရှိများကို စုဆောင်းရန်နှင့် ဆက်လက်ထားရှိရန် တပ်ဖွဲ့ဝင်စုဆောင်းသည့် လုပ်ထုံးလုပ်နည်းများနှင့် သင်တန်းအစီအစဉ်များကို စီမံထားရှိကြောင်း သေချာစေရမည်။

# တရားဥပဒေကို အတည်ပြုလိုက်နာစေရာတွင် ခွဲခြားမှုမရှိခြင်း

## လူ့အခွင့်အရေးဆိုင်ရာစံများ

လူအားလုံးသည် မွေးလာကတည်းက လွတ်လပ်ကြပြီး ဂုဏ်သိက္ခာနှင့် ရပိုင်ခွင့်များတွင် တူညီကြသည်။

လူ့အခွင့်အရေးများသည် လူပုဂ္ဂိုလ်၏မွေးရာပါဂုဏ်သိက္ခာမှရရှိခြင်းဖြစ်သည်။

တရားဥပဒေကို အတည်ပြုလိုက်နာစေသော ရဲအရာရှိများသည် လူ့အဖွဲ့အစည်းကို အလုပ်အကျွေးပြုခြင်းဖြင့် လည်းကောင်း၊ လူအားလုံးအပေါ် မတရားသောပြုလုပ်မှုများကို အကာအကွယ်ပေးခြင်းဖြင့်လည်းကောင်း၊ တရားဥပဒေက ၄င်းတို့အပေါ်ပေးအပ်ထားသော တာဝန်ကို ကျေပွန်စေအောင် အမြဲတမ်း ဖြည့်ဆည်းရမည်။

တရားဥပဒေကို အတည်ပြုလိုက်နာစေသော ရဲအရာရှိများသည် လူ့ဂုဏ်သိက္ခာကို လေးစားကာ ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ပြီး၊ လူအားလုံး၏ လူ့အခွင့်အရေးများကိုလည်း စောင့်ရှောက်၊ ထိန်းသိမ်းရမည်။

လူအားလုံးသည် တရားဥပဒေအရာတွင် တူညီမှုရှိပြီး၊ တရားဥပဒေ၏တူညီသောအကာအကွယ်ကို ခွဲခြားမှုမရှိစေဘဲ ရထိုက်ခွင့်ရှိစေရမည်။

လူ့အဖွဲ့အစည်းကို အကာအကွယ်ပေးခြင်းနှင့် အလုပ်အကျွေးပြုခြင်းတို့တွင် လူမျိုး၊ လိင်၊ ဘာသာရေး၊ ဘာသာစကား၊ အသားအရောင်၊ နိုင်ငံရေးသဘောထား၊ နိုင်ငံဇစ်မြစ်၊ ပစ္စည်း သို့မဟုတ် အခြား အဆင့်အတန်းတို့၏ အခြေခံအပေါ် ရဲများသည် တရားဥပဒေများနှင့် မညီစွာ ခွဲခြားခြင်း မရှိစေရ။

ကိုယ်ဝန်ဆောင်နှင့် မီးဖွားပြီးစအမျိုးသမီးများတို့ အပါအဝင်ဖြစ်သော အမျိုးသမီးများ၊ လူငယ်များ၊ ဖျားနာနေသူများ၊ အသက်အရွယ်ကြီးရင့်သူများနှင့် အခြားအထူးပြုစုရန် လိုအပ်သူများ၏ အထူးအခြေအနေနှင့် လိုအပ်ချက်များကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစံများနှင့်အညီ ရင်ဆိုင်ဖြေရှင်းရန် ရည်ရွယ်ပုံဖော်ထားသော အထူးအရေးယူဆောင်ရွက်မှုများကို အတည်ပြုလိုက်နာစေရာတွင် ပြည်သူ့ရဲများသည် တရားဥပဒေနှင့်ဆန့်ကျင်စွာ ခွဲခြားသည်ဟု မှတ်ယူခြင်းမရှိစေရ။

ရဲတပ်ဖွဲ့ဝင်များကို စုဆောင်းခြင်း၊ ငှားရမ်းခြင်း၊ တာဝန်ချ ထားခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ မူဝါဒတို့သည် မည်သည့် ပုံစံဖြင့်မဆို တရားဥပဒေနှင့် ဆန့်ကျင်စွာခွဲခြားခြင်းမရှိစေရ။

## လူ့အခွင့်အရေးများကျင့်စဉ်

ရဲအရာရှိများအားလုံး

- သင်ဆောင်ရွက်ပေးနေသော လူ့အဖွဲ့အစည်းနှင့် ရင်းနှီးမှုရှိပါစေ။ အမျိုးမျိုးသော မျိုးနွယ်စု၊ လူမျိုးစုဆိုင်ရာ ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပါ။
- မျိုးနွယ်စုကွဲပြားသော ဝန်းကျင်ဒေသတွင် ခြေလျင်လှည့်ကင်းများနှင့် လူ့အဖွဲ့အစည်းဝန်ဆောင်မှု လှုပ်ရှားမှုများတွင် ပါဝင်ပါ။
- လူ့အဖွဲ့အစည်းအတွင်းနှင့်၊ ရဲစခန်းအတွင်းတွင် မျိုးနွယ်စု သို့မဟုတ် လူမျိုးစုဆိုင်ရာ မဟုတ်မမှန် သမရိုးကျမဟုတ်သော တရားမဲ့ စွပ်စွဲပြောဆိုခြင်းများကို ပွင့်ပွင့်လင်းလင်း ဆန့်ကျင်ပြောဆိုပါ။
- သင်၏လုပ်ငန်းမှပို့ချပေးသော မျိုးနွယ်စု သို့မဟုတ် လူမျိုးစုဆိုင်ရာသင်တန်း အစီအစဉ်များတွင် ပါဝင်ပါ။
- သင်ဆောင်ရွက်ပေးနေရသော လူနည်းစုဆိုင်ရာ အုပ်စုဝင်များနှင့် ၄င်းတို့၏လိုအပ်ချက်များ၊ တိုင်ကြားချက်များနှင့် အကြံပြုချက်များကို သိရှိနိုင်စေရန် ၄င်းတို့နှင့် ထိတွေ့ပြောဆိုပါ။ စာနာတတ်မှုနှင့် တုံ့ပြန်မှုရှိပါစေ။

### *ထိန်းချုပ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာအရာရှိများ*

- မျိုးနွယ်စု/လူမျိုးစုများနှင့် ကောင်းမွန်သော ဆက်သွယ်ခြင်းများနှင့် မျှတသော၊ ခွဲခြားမှုမရှိသော တရားဥပဒေကို အတည်ပြုလေးစားလိုက်နာစေခြင်း၏အရေးကြီးမှုကို ရဲများက သိရှိနားလည်စေရန် ဌာနတွင်းသင်တန်းပေးခြင်းများကို စီစဉ်ပေးပါ။
- အမျိုးမျိုးသော မျိုးနွယ်စုဆိုင်ရာ လူ့အဖွဲ့အစည်းများနှင့် ညှိနှိုင်းမှုဖြင့် လူမျိုးစုများဆက်ဆံဆက်သွယ်ရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုအစီအစဉ် တစ်ရပ်ကိုထုတ်ဖော်ပါ။

- မျိုးနွယ်စုနှင့် လူမျိုးစုဆိုင်ရာအုပ်စုများနှင့် ဆက်စပ်သည့် သင့်လျော်သော အပြုအမူအပြောအဆို၊ ဘာသာစကားနှင့် သဘောထားများအပေါ် ရှင်လင်းပြတ်သားသော အမိန့်များ ထုတ်ပြန်ပါ။

- အမျိုးမျိုးသော အုပ်စုများအကြား တရားမျှတခြင်းကို သေချာစေရန် သင်၏ တပ်ဖွဲ့ဝင်စုဆောင်းခြင်း၊ ငှားရမ်းခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ မူဝါဒများကို အကဲဖြတ်သုံးသပ်ပါ။

- သင်၏ ရဲတပ်ဖွဲ့ဝန်ဆောင်မှုတွင် ပြည့်ဝစွာပါဝင်နိုင်ခြင်းမရှိသည့် မျိုးနွယ်စုများနှင့် လူမျိုးစုဆိုင်ရာ လူနည်းစုအုပ်စုဝင်များကို တက်ကြွစွာ စုဆောင်းပါ။

- လူ့အဖွဲ့အစည်းအတွင်းရှိ မျိုးနွယ်စု၊ လူမျိုးစု၊ ဘာသာရေးနှင့် ဘာသာစကားဆိုင်ရာအုပ်စုများ၏ အဖွဲ့ဝင်များ၏ တိုင်ကြားချက်များနှင့် အကြံပြုချက်များကို အဆက်မပြတ်ရယူနိုင်ရန် အစီအစဉ်များကို ဖေါ်ထုတ်ပါ။

- လူ့အဖွဲ့အစည်းကို ထိန်းချုပ်သည့် မဟာဗျူဟာများကို လက်ခံကျင့်သုံးပါ။

- သင်၏ဝန်ဆောင်မှုအတွင်းတွင် လူနည်းစုနှင့် ဆက်ဆံဆက်သွယ်မှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်သူကို ခန့်ထားပါ။

- ခွဲခြားဆက်ဆံသော၊ မသိရှိနားမလည်သော သို့မဟုတ် အခြားနည်းအားဖြင့် မသင့်လျော်သော အသက်မွေးဝမ်းကျောင်း ဆိုင်ရာ အပြုအမူ အလေ့အကျင့်များကို အပြစ်ပေးပါ။

- ပိုမိုကောင်းမွန်သည့် လူ့အဖွဲ့အစည်းအတွင်း ဆက်ဆံခြင်းကို အထောက်အကူပြုမှုကို စတင်သည့် အရာရှိများကို ဆုပေးပါ။

- ရဲအရာရှိအားလုံးကို မျိုးနွယ်စု/လူမျိုးစုများနှင့် ဆက်ဆံခြင်းဆိုင်ရာဌာနတွင်း အသိပညာပေးသင်တန်းများ ပေးပါ။

## ရဲကစုံစမ်းစစ်ဆေးခြင်းများ

### လူ့အခွင့်အရေးစံနှုန်းများ

စုံစမ်းစစ်ဆေးခြင်းများတွင် သက်သေများ၊ ပြစ်မှုကျူးလွန်ခံရသူများနှင့် သင်္ကာမကင်းခံရသူများကို စစ်ဆေးမေးမြန်းခြင်းများ၊ လူပုဂ္ဂိုလ်ပေါ်တွင် ရှာဖွေခြင်းများ၊ ယာဉ်များနှင့် နေအိမ်ဥပစာများကို ရှာဖွေခြင်းများ၊ စာပေးစာယူခြင်းနှင့် ဆက်သွယ်ခြင်းများကို ကြားဖြတ်ယူခြင်းတို့တွင် –

လူတိုင်းသည် လူပုဂ္ဂိုလ်ဆိုင်ရာလုံခြုံရေး ရပိုင်ခွင့်ရှိသည်။

လူတိုင်းသည် မျှတသောတရားစီရင်ခြင်းကို ရပိုင်ခွင့်ရှိသည်။

မျှတသော တရားစီရင်ခြင်းတွင် တရားဥပဒေကအပြစ်ရှိကြောင်း ပြသနိုင်ခြင်းမရှိသေးသမျှ လူတိုင်းသည် အပြစ်မရှိဟု မှတ်ယူရမည်။

မည်သူကိုမျှ သူ သို့မဟုတ် သူမ၏ အနှောက်အယှက်မှ အေးငြိမ်းမှု၊ မိသားစု၊ အိုးအိမ် သို့မဟုတ် စာပေးစာယူခြင်းတို့တွင် အကြွင်းမဲ့ အာဏာရှင်ဆန်သော အနှောက်အယှက်ပေးခံရနိုင်ခြင်း မရှိစေရ။

မည်သူကိုမဆို သူ သို့မဟုတ် သူမ၏ဂုဏ်သိက္ခာနှင့် ဂုဏ်သတင်းတို့အပေါ် တရားမဝင်တိုက်ခိုက်ခံရနိုင်ခြင်း မရှိစေရ။

သတင်းအချက်အလက်ကို ရယူရန်ကြိုးပမ်းရာတွင် သင်္ကာမကင်းခံရသူများ၊ သက်သေများ သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်းခံရသူများကို ကိုယ်ခန္ဓာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ဖိအားပေးခြင်း မရှိစေရ။

နှိပ်စက်ညှဉ်းပန်းခြင်းနှင့် အခြားလူမဆန်သော သို့မဟုတ် အရှက်ရသိမ်ငယ်စေသော ပြုမူဆက်ဆံခြင်းကို အကြွင်းမဲ့တားမြစ်သည်။

ပြစ်မှုကျူးလွန်ခြင်းခံရသူများနှင့် သက်သေများကို အကြင်နာမေတ္တာနှင့် စာနာထောက်ထားခြင်းတို့ဖြင့် ပြုမူဆက်ဆံရမည်။

သတိထားဆင်ခြင်ရသော သတင်းအချက်အလက်ကို ကိုင်တွယ်ရာတွင် လျှို့ဝှက်ထားရှိခြင်းနှင့် ဂရုတစိုက်ထိန်းသိမ်းခြင်းတို့ဖြင့် အမြဲတမ်း ဆောင်ရွက်ရမည်။

မည်သူတစ်ဦးတစ်ယောက်ကိုမျှ ၄င်းအပေါ်ဆန့်ကျင်၍ ဖြောင့်ချက်ပေးရန် သို့မဟုတ် သက်သေခံရန် အတင်းအကြပ်မပြုရ။

စုံစမ်းစစ်ဆေးခြင်းဆောင်ရွက်မှုများကို တရားဥပဒေနှင့်အညီ ထိုက်သင့်သောအကြောင်းရှိမှသာလျှင် ဆောင်ရွက်ရမည်။

အကြွင်းမဲ့အာဏာရှင်ဆန်သော သို့မဟုတ် မထိုက်သင့်သည့်အနှောက်အယှက်ဖြစ်စေသော စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ ဆောင်ရွက်ခြင်းများကို ခွင့်ပြုခြင်း မရှိစေရ။

စုံစမ်းစစ်ဆေးခြင်းများသည် လုပ်ပိုင်ခွင့်အာဏာရှိခြင်း၊ စေ့စပ်သေချာခြင်းရှိ၍ နှောင့်နှေးခြင်း၊ ဘက်လိုက်ခြင်း မရှိစေရ။

စုံစမ်းစစ်ဆေးခြင်းများသည် ပြစ်မှုကျူးလွန်ခံရသူများကို မည်သူမည်ဝါဖြစ်ကြောင်းဖေါ်ထုတ်ရန်၊ သက်သေခံကို ပြန်လည်ရရှိစေရန်၊ သက်သေကို ရှာဖွေတွေ့ရှိစေရန်၊ ပြစ်မှု၏အကြောင်းရင်း၊ ပုံစံ၊ ဖြစ်ပွားသည့်နေရာနှင့် အချိန်တို့ကို သိရှိနိုင်စေရန်နှင့် ပြစ်မှုကျူးလွန်သူများကို ဖေါ်ထုတ်ဖမ်းဆီးရန်အတွက် ဆောင်ရွက်ရမည်။

ပြစ်မှုကျူးလွန်သည့်နေရာကို သတိကြီးစွာဆောင်ရွက်ရန်နှင့် သက်သေခံကို သတိကြီးစွာထား၍ စုဆောင်းပြီး ထိန်းသိမ်းထားရမည်။

## လူ့အခွင့်အရေးများဆိုင်ရာကျင့်စဉ်

### ရဲအရာရှိအားလုံး

- စုံစမ်းစစ်ဆေးစဉ်အတွင်း သတင်းအချက်အလက်များကို မှတ်တမ်းတင်ရန်အတွက် စံသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများကို တိုးတက်ကောင်းမွန်အောင် ပြုလုပ်ရမည်။

- စုံစမ်းစစ်ဆေးခြင်းဆိုင်ရာဆောင်ရွက်မှု၏ တရားဝင်မှုကို သံသယရှိသောအခါ၊ ဖြစ်နိုင်သည့်အခါမျိုးတွင် မဆောင်ရွက်မီ အထက်လူကြီးများထံ စုံစမ်းမေးမြန်းရမည်။

- သံသယရှိသူများကို အပြစ်မရှိသူများအဖြစ် ယဉ်ကျေးစွာ၊ လေးစားစွာနှင့် ကျွမ်းကျွမ်းကျင်ကျင် ဆက်ဆံရမည်။

- လူတွေ့မေးမြန်းခြင်းအားလုံးကို အသေးစိတ် မှတ်တမ်းပြုစုထားရမည်။

- သင်၏စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှုကို ထက်မြက်စေရန် ဌာနတွင်းသင်တန်းတွင် တက်ရောက်ရန် စာရင်းပေးသွင်းပါ။

- လူတွေ့စစ်ဆေးမေးမြန်းခြင်းမပြုမီ ပြစ်မှုကျူးလွန်ခံရသူ၊ သက်သေနှင့် သက်ဘမကင်းခံရသူတို့၏ အခွင့်အရေးများကို အမြဲတမ်း အကြံပြုပါ။

- စုံစမ်းစစ်ဆေးမှုတစ်စုံတစ်ရာကို မပြုလုပ်မီ ၎င်းသည် တရားဥပဒေနှင့် ညီညွတ်ပါသလား၊ တရားရုံးတွင်ရော အောင်မြင်မှု ရှိနိုင်ပါသလား၊ ၎င်းသည် လိုအပ်ပါသလား၊ ၎င်းသည် မထိုက်သင့်သော အနှောက်အယှက်ဖြစ်ပါသလားဟု သင့်ကိုယ်သင် မေးမြန်းပါ။

- ဖြောင့်ချက်ပေးခြင်းကို ရယူခြင်း သို့မဟုတ် အားထားခြင်းများကို အမှုတစ်မှုအတွက် အခြေခံ မည်သည့်အခါမျှ မဖြစ်ပါစေနှင့်။ ၎င်းအစား စုံစမ်းစစ်ဆေးခြင်း၏ ရည်မှန်းချက်သည် လွတ်လပ်စွာပေးသော သက်သေခံချက်ကို ရယူရန် ဖြစ်သင့်ပါသည်။

- ရှာဖွေခြင်းကို မဆောင်ရွက်မီ ဝရမ်း သို့မဟုတ် တရားရုံးအမိန့်ကို ဖြစ်နိုင်သမျှရယူပါ။ ဝရမ်းမပါဘဲရှာဖွေခြင်းသည် ကျိုးကြောင်းဆီလျော်ပြီး ထိုက်သင့်သော အကြောင်းရှိသောအခါ၊ ထိုသို့ဆောင်ရွက်ခြင်းသည် တရားဝင်ဖမ်းဆီးခြင်း၏အဆွယ်အပွားဖြစ်သောအခါ၊ လွပ်လပ်သော သဘောဆန္ဒကို ခွင့်ပြုသောအခါ သို့မဟုတ် ဝရမ်းကို ကြိုတင်ရယူခြင်းသည် အခြေအနေများအရ မဖြစ်နိုင်သောအခါမျိုးတွင် ချွင်းချက်အဖြစ် ဆောင်ရွက်ခြင်းသာ ဖြစ်သင့်ပါသည်။

- သင့်အား တာဝန်ချထားခြင်းခံရသောလူ့အသိုက်အဝန်းအကြောင်းတို့ကို သင်သိရှိပါစေ။ သင်၏ လူ့အသိုက်အဝန်း အတွင်းရှိသော အန္တရာယ်ကို သိရှိနားလည်ခြင်းမှတဆင့် အပါအဝင်ဖြစ်သော၊ ဖြစ်ပွားလာနိုင်သည့် ပြစ်မှုတို့ကို ကြိုတင်ကာကွယ်ရန်အတွက် ဖြစ်လာမှ တုံ့ပြန်ခြင်းထက် အခြေအနေကို ဖန်တီးယူသော မဟာဗျူဟာများကို ထုတ်ဖော်ပါ။

***ထိန်းချုပ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာအရာရှိများ***

- စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်ကို မြန်ဆန်စေသော အုပ်ချုပ်ရေးယန္တယားကို တည်ထောင်ပါ။

- စုံစမ်းစစ်ဆေးခြင်းများအတွက် တရားဥပဒေဆိုင်ရာအကာအကွယ်များကို အလေးပေးသည့်တည်ဆဲအမိန့်များကို ခိုင်မြဲအောင် ပြုလုပ် ပါ။

- စုံစမ်းစစ်ဆေးခြင်းများအတွက် တရားဥပဒေစံများနှင့် ထိရောက်သည့် သိပ္ပံနည်းပညာများဆိုင်ရာ သင်တန်းအစီအစဉ်များကို စီစဉ်ပေးပါ။

- လျှို့ဝှက်ထားရမည့်အချက်အလက်များကို စီမံရန်အတွက် တင်းကြပ်သော ကြီးကြပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို စီစဉ်ထားပေးပါ။

- သက်ဆိုင်သော လူမှုရေးအဖွဲ့အစည်းများနှင့် ညီညွတ်စွာပူးပေါင်း၍ ပြစ်မှုကျူးလွန်ခံရသော သူများကို အထောက်အကူပြုသည့်ယန္တရားကို စီစဉ်ထားပါ။

- ဖြောင့်ချက်များကို အားကိုးအားထားပြုခြင်းကို ကန့်သတ်သည့် မူဝါဒများကို ထုတ်ဖေါ်ထားရှိပါ။

- ရဲကို လူ့အသိုက်အဝန်းနှင့် နီးကပ်စေခြင်းဖြင့် ပြစ်မှုများကို ကာကွယ်ခြင်းနှင့် ဖြေရှင်းခြင်းများအတွက် အရေးပါသော သတင်းကို ရရှိစေနိုင်သည့် လူ့အသိုက်အဝန်းကို ထိန်းချုပ်သည့် မဟာဗျူဟာများကို ထုတ်ဖေါ်ထားရှိပါ။

- ရဲစုံစမ်းစစ်ဆေးခြင်းအတွက် လက်ရှိနည်းပညာနှင့် အတတ်ပညာများကို လိုအပ်ပါက၊ အပြည်ပြည်ဆိုင်ရာ အတတ်ပညာ ထိန်းချုပ်ရေးဆိုင်ရာ အစီအစဉ်များနှင့် အတတ်ပညာ ပူးပေါင်းဆောင်ရွက်မှုတို့ကို ရယူပါ။

- စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ ကျင့်စဉ်များ၏ တရားဝင်မှုများနှင့် စပ်လျဉ်းသည့် စည်းမျဉ်းများကို ချိုးဖေါက်ခြင်းများအတွက် တင်းကြပ်သော ပြစ်ဒဏ်များကို ကြေညာ၍ အတည်ပြု လိုက်နာပါစေ။

## ဖမ်းဆီးခြင်း

### လူ့အခွင့်အရေးဆိုင်ရာစံများ

လူတိုင်းသည် လွတ်လပ်ခွင့် အခွင့်အရေး၊ လူပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှု အခွင့်အရေးနှင့် လွပ်လပ်စွာလှုပ်ရှားသွားလာရန် အခွင့်အရေးများရှိသည်။

မည်သူမျှအကြွင်းမဲ့အာဏာရှင်ဆန်သော ဖမ်းဆီးခံရခြင်း သို့မဟုတ် ချုပ်နှောင်ခံရခြင်း မရှိစေရ။

ဥပဒေဖြင့်ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများနှင့်အကြောင်းရင်းများသည် တရားဥပဒေနှင့် အညီမဟုတ်လျှင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ သူ သို့မဟုတ် သူမ၏ လွတ်လပ်မှုကို ပိတ်ပင်ခြင်း မရှိစေရ။

မည်သူကိုမဆို သူ သို့မဟုတ် သူမ၏ဖမ်းဆီးခံရခြင်း၏အကြောင်းရင်းကို ဖမ်းဆီးခံရချိန်တွင် ရှင်းလင်းပြောကြားရမည်။

မည်သူကိုမဆို သူ သို့မဟုတ် သူမကို ဆန့်ကျင်စွပ်စွဲထားသော မည်သည့်စွဲချက်ကိုမဆို မြန်ဆန်စွာ ရှင်းလင်းပြောကြားရမည်။

ဖမ်းဆီးခံရသော မည်သူကိုမဆို တရားစီရင်ရေးအာဏာပိုင်ရှေ့မှောက်သို့လျင်မြန်စွာ ပို့ဆောင်ပေးရမည်။

ဖမ်းဆီးခံရသူတစ်ဦးတစ်ယောက်သည် သူ သို့မဟုတ် သူမ၏ဖမ်းဆီးခံရခြင်း သို့မဟုတ် အကျဉ်းချထားခံရခြင်း၏တရားဝင်မှုကို ပြန်လည်သုံးသပ်ရန် ရည်ရွယ်ချက်အတွက် နှောင့်နှေးကြန့်ကြာခြင်း မရှိစေဘဲ တရားစီရင်ရေးအာဏာပိုင်ရှေ့မှောက်သို့ ရောက်ရှိရန် အခွင့်အရေးရှိပြီး ချုပ်နှောင်ထားခံရခြင်းသည် တရားမဝင်ပါက လွှတ်ပေးရမည်။

ဖမ်းဆီးခြင်းခံရသူတစ်ဦးတစ်ယောက်သည် ကျိုးကြောင်းဆီလျော်သော အချိန်အတွင်း တရားစီရင်မှုကိုရရန် သို့မဟုတ် လွှတ်ပေးရန် အခွင့်အရေးရှိသည်။

တရားစီရင်နေစဉ်အတွင်း ချုပ်နှောင်ထားခံရခြင်းသည် စည်းမျဉ်းဖြစ်ခြင်းထက် ခြွင်းချက်သာလျှင်ဖြစ်ရမည်။

ဖမ်းဆီး သို့မဟုတ် ချုပ်နှောင်ထားခံရသော သူများသည် ရှေ့နေ သို့မဟုတ် အခြားတရားဥပဒေဆိုင်ရာကိုယ်စားလှယ်ကို ရရှိခွင့်ရှိရမည်ဖြစ်ပြီး ထိုကိုယ်စားလှယ်နှင့် ဆက်သွယ်ပြောဆိုရန် လုံလောက်သောအခွင့်အရေးလည်း ရရှိရမည်။

ဖမ်းဆီးခြင်းကိုမှတ်တမ်းထားရှိရမည်ဖြစ်ပြီး၊ ၎င်းတွင် ဖမ်းဆီးရသည့်အကြောင်းရင်း၊ ဖမ်းဆီးသည့်အချိန်၊ ဖမ်းဆီးခံရသူကိုချုပ်နှောင်ထားရှိရာသို့ လွှဲပြောင်းပေးသည့်အချိန်၊ တရားစီရင်ရေး

အာဏာပိုင်ရှေ့မှောက်တွင် ရောက်ရှိသည့်အချိန်၊ ပါဝင်သောအရာရှိများ၏မည်သူမည်ဝါဖြစ်ကြောင်းအထောက်အထား၊ချုပ်နှောင်ထားရှိရာနေရာ၏တိကျသော သတင်းအချက်အလက်၊ မေးမြန်းချက်၏အသေးစိတ်တို့ ပါရှိရမည်။

ဖမ်းဆီးသည့်မှတ်တမ်းကို ဖမ်းဆီးထားခံရသူ သို့မဟုတ် ၄င်း၏ဥပဒေအကျိုးဆောင်ထံ ပို့ပေးရမည်။

ဖမ်းဆီးထားခြင်းခံရသောသူ၏ မိသားစုထံ သူ သို့မဟုတ် သူမ၏ ဖမ်းဆီးခံရခြင်းနှင့် ချုပ်နှောင်ထားရှိရာနေရာကို အကြောင်းကြားရမည်။

မည်သူတစ်ဦးတစ်ယောက်ကိုမျှ သူ သို့မဟုတ် သူမနှင့်ဆန့်ကျင်ပြီး ဖြောင့်ချက် သို့မဟုတ် အစစ်ခံရန် အတင်းအကြပ်မပြုလုပ်ရ။

လိုအပ်ပါလျှင်၊ စကားပြန်ကို စစ်ဆေးမေးမြန်းစဉ်အတွင်း ထားရှိရမည်။

**လူ့အခွင့်အရေးများကျင့်စဉ်**

***ရဲအရာရှိများအားလုံး***

- ရှင်းလင်းပြတ်သားစွာ နားလည်နိုင်စေရန်၊ သင်၏ဖမ်းဆီးပိုင်ခွင့်အာဏာနှင့် ဖမ်းဆီးပြီးနောက် လက်ခံလိုက်နာရမည့်လုပ်ထုံးလုပ်နည်းများကို ပုံမှန်ပြန်လည်သုံးသပ်ပါ။
- လိမ္မာပါးနပ်စွာနှင့် လူ့ဂုဏ်သိက္ခာကို ထိုက်သင့်သော အလေးထားခြင်းဖြင့် ဖမ်းဆီးရာတွင် ကျွမ်းကျင်မှုကို ထိရောက်စေရန်၊ လိုအပ်သော လူအချင်းချင်းဆက်ဆံရာတွင် ကျွမ်းကျင်မှု၊ အထူးသဖြင့် ပြောဆိုဆက်သွယ်ရေးဆိုင်ရာ ကျွမ်းကျင်မှုကို မြှင့်တင်ရန်နှင့် ထိန်းသိမ်းထားရှိရန်အတွက် သင်တန်းတွင် ပါဝင်တက်ရောက်ပါ။
- ခုခံခြင်းကို ကြုံတွေ့ရခြင်း မရှိပါက၊ ဖမ်းဆီးခြင်းကို ထိရောက်စေရန် တည်ငြိမ်မှု၊ ယဉ်ကျေးမှု၊ အမျက်မထွက်စေသော ပြောဆိုခြင်း၊ လိုအပ်မှသာ ပြင်းထန်သော၊ အမိန့်အာဏာသဘော ပြောဆိုခြင်း ကိုသုံးစွဲပါ။

- လိမ္မာပါးနပ်စွာနှင့် လူ့ဂုဏ်သိက္ခာကို ထိုက်သင့်သော အလေးထားခြင်းဖြင့် ဖမ်းဆီးရာတွင် ကျွမ်းကျင်မှုကို ထိရောက်စေရန်၊ လိုအပ် သော အတတ်ပညာနှင့် နည်းဗျူဟာဆိုင်ရာ ကျွမ်းကျင်မှုတို့ကို မြှင့်တင်ပြီး ထိန်းသိမ်းပါ။
- လက်ထိပ်ကိုအသုံးပြုခြင်းနှင့် အခြားထိန်းချုပ်သောနည်းလမ်းများဆိုင်ရာ ကျွမ်းကျင်မှုကိုမြှင့်တင်ပြီး ထိန်းသိမ်းပါ။
- မိမိကိုယ်မိမိကာကွယ်ခုခံခြင်းဆိုင်ရာကျွမ်းကျင်မှုအပါအဝင် မိမိကိုယ်မိမိ ယုံကြည်မှုကို တိုးတက်အောင်ပြုလုပ်ပါ။
- အင်အားကို အသုံးပြုခြင်းဆိုင်ရာအခန်းသည် ဖမ်းဆီးခြင်းနှင့် သက်ဆိုင်သဖြင့် သေချာစွာလေ့လာပါ။
- ဖြစ်နိုင်သမျှ ဖမ်းဆီးရန်အမိန့်/ဝရမ်းကိုရယူပါ။
- ဖမ်းဆီးခံရသူ၏အခွင့်အရေးများရေးထားသော ကဒ်အသေးတစ်ခုကို သင်၏အိတ်ထဲတွင် ဆောင်ထားပါ။ သူ သို့မဟုတ် သူမကို ဖမ်းဆီးထားခြင်းသည် စိတ်ချရသောအခါ၊ ရေးသားထား သည်ကို ဖမ်းဆီးထားခြင်းခံရသူအား အတိအကျဖတ်ပြပါ။
- ဌာနတွင်းသင်တန်း သို့မဟုတ် လူ့အသိုက်အဝန်းပညာရေးအစီအစဉ်များမှ တဆင့် ပဋိပက္ခဖြေရှင်းခြင်းဆိုင်ရာ နည်းလမ်းများကို လေ့လာပါ။
- ဖမ်းဆီးခြင်းဆိုင်ရာမှတ်တမ်းများကို ပြီးစီးခဲ့သော အတွေ့အကြုံများအနေဖြင့် အသေးစိတ် ဂရုတစိုက်ထိန်းသိမ်းထားရှိပါ။

***ထိန်းချုပ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာအရာရှိများ***

- ဖမ်းဆီးခြင်းလုပ်ထုံးလုပ်နည်းများဆိုင်ရာ ရှင်းလင်းပြတ်သားသော တည်ဆဲအမိန့်များကို ထုတ်ပြန်ပြီး အတည်ပြု လိုက်နာအောင် ဆောင်ရွက်ပါ။
- ဖမ်းဆီးခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဖမ်းဆီးခံရသူ၏အခွင့်အရေး၊ ဖမ်းဆီးခြင်းကို လုံခြုံစိတ်ချစွာနှင့် လူသားဆန်စွာ ထိရောက်မှုရှိစေရန်အတွက် နည်းလမ်းများကို အရာရှိအားလုံးအား စဉ်ဆက်မပြတ်သင်တန်းပေးပါ။

- လူအချင်းချင်းဆက်ဆံရေးဆိုင်ရာကျွမ်းကျင်မှုများ၊ ပဋိပက္ခဖြေရှင်းရေးဆိုင်ရာနည်းလမ်းများ၊ မိမိကိုယ်မိမိကာကွယ်ခုခံခြင်းနှင့် ထိန်းချုပ်မှုယန္တရားများကို အသုံးပြုခြင်းဆိုင်ရာသင်တန်းများကို စီစဉ်ပေးပါ။
- ဤအခန်းကို အခြေခံ၍လည်းကောင်း၊ သင်၏စီရင်ပိုင်ခွင့်အတွင်း ဖမ်းဆီးခြင်းအတွက် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အခြေခံ၍လည်းကောင်း၊ ဖမ်းဆီးခြင်းဆိုင်ရာသတင်း အချက်အလက်ကို မှတ်တမ်းတင်နိုင်ရန် စံပုံစံများကို ပြုလုပ်ပါ။
- ဖမ်းဆီးခြင်းကိုကြိုတင်စီစဉ်နိုင်ပါလျှင် ပြုလုပ်ရမည့်ဖမ်းဆီးခြင်းအတွက် အခြေအနေနှင့် ပတ်ဝန်းကျင်တို့နှင့် ကိုက်ညီမည့် အစီအစဉ်ပြုလုပ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းစသည့် ရွေးချယ်စရာအမျိုးမျိုးရရှိနိုင်ခြင်း သေချာပါစေ၊ လက်ခံကျင့်သုံးသော စီမံချက်ချမှတ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ သတင်းအချက်အလက်နှင့် ညွှန်ကြားချက်ပေးခြင်းနှင့် နည်းဗျူဟာတို့သည် ဖမ်းဆီးခြင်းကိုပြုလုပ်ရမည့် ပတ်ဝန်းကျင်အကြောင်းချင်းရာများနှင့် အခြေအနေတို့နှင့် သင့်လျော်မှုရှိကြောင်း သေချာပါစေ။
- ဖမ်းဆီးခြင်းကိုဆောင်ရွက်ပြီးတိုင်း အရာရှိများ၏အတွေ့အကြုံကို မေးမြန်းမှတ်သားပါ။ ဖမ်းဆီးခြင်းမှတ်တမ်းကိုလည်း သေချာစွာစစ်ဆေးပြီး ၎င်းသည် ပြီးပြည့်စုံကြောင်း သေချာပါစေ။
- ဖမ်းဆီးခြင်းခံရသူများက ဥပဒေရေးရာအကျိုးဆောင်ကို အနှောက်အယှက်မရှိဘဲရရှိမှု သေချာစေရန် လုပ်ထုံးလုပ်နည်းများကိုထုတ်ဖော်ပြုလုပ်ပါ။

## ချုပ်နှောင်ထားခြင်း

### လူ့အခွင့်အရေးဆိုင်ရာစံများ

တရားစီရင်ခြင်းမပြုမီ အကျဉ်းချထားခြင်းသည် စည်းမျဉ်းဖြစ်ခြင်းထက် ချွင်းချက်သာလျှင်ဖြစ်သည်။

လွတ်လပ်မှုကို ပိတ်ပင်ခံရသူများအားလုံးကို လူသားဆန်စွာနှင့် လူပုဂ္ဂိုလ်၏မွေးရာပါဂုဏ်သိက္ခာကိုလေးစားခြင်းဖြင့် ပြုမူဆက်ဆံရမည်။

မှုတသောတရားစီရင်ရေးတွင် အပြစ်ရှိကြောင်း သက်သေမပြနိုင်သေးသမျှ ပြစ်မှုဖြင့်စွဲဆိုခြင်းခံနေရသူသည် အပြစ်ကင်းသည်ဟု မှတ်ယူရမည်။

မည်သည့်ချုပ်နှောင်ခြင်းခံရသူကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်း၊ရက်စက်သော၊ လူသားမဆန်သော သို့မဟုတ် အရှက်ရသိမ်ငယ်စေသော ပြုမူဆက်ဆံခြင်း သို့မဟုတ် အပြစ်ပေးခြင်း သို့မဟုတ် အကြမ်းဖက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း စသည့်မည်သည့်ပုံစံကို မဆို ပြုလုပ်ခြင်း မရှိစေရ။

ချုပ်နှောင်ခံရသူကို တရားဝင်အသိအမှတ်ပြုထားသော ချုပ်နှောင်ရာနေရာတွင်သာ ထားရှိရမည်ဖြစ်ပြီး၊ ၄င်းတို့၏မိသားစုနှင့် ဥပဒေဆိုင်ရာကိုယ်စားလှယ်များအားလည်း သတင်းအပြည့်အစုံပေးရမည်။

လူငယ်များကို လူကြီးများနှင့်လည်းကောင်း၊ အမျိုးသမီးများကို အမျိုးသားများနှင့်လည်းကောင်း၊ အပြစ်ပေးခြင်းခံရသူများကို အပြစ်မပေးရသေးသောသူများနှင့်လည်းကောင်း ခွဲခြားထားရှိရမည်။

ချုပ်နှောင်ထားခြင်း၏ အချိန်ကာလနှင့် တရားဝင်ဖြစ်မှုတို့ကို ဆုံးဖြတ်ခြင်းကို တရားစီရင်ရေးဆိုင်ရာ သို့မဟုတ် အလားတူ အာဏာပိုင်က ချမှတ်ရမည်။

ချုပ်နှောင်ထားခြင်းခံရသူအား ချုပ်နှောင်ထားခြင်း၏ အကြောင်းရင်းနှင့် သူ သို့မဟုတ် သူမကိုစွပ်စွဲထားသောစွဲချက်ကို အသိပေးရှင်းလင်း ပြောကြား ရမည်။

ချုပ်နှောင်ခံရသူများသည် ပြင်ပကမ္ဘာနှင့်ဆက်သွယ်ခွင့်ရရှိရန် အခွင့်အရေးရှိပြီး ၄င်းတို့၏မိသားစုများလာရောက်ခွင့်နှင့် သီးသန့်ဆက်သွယ်ပြောဆိုခွင့်ရှိပြီး ဥပဒေရေးရာကိုယ်စားလှယ်နှင့်လည်း လူကိုယ်တိုင်တွေ့ဆုံခွင့်ရှိသည်။

ချုပ်နှောင်ခံရသူများ၏ ကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်ရည်ရွယ်ပုံဖော်ထားသည့် လူသားဆန်သော အထောက်အကူများဖြင့် ထားရှိရမည်ဖြစ်ပြီး၊ လုံလောက်သောအစားအစာ၊ ရေ၊ အရိပ်အာဝါသ၊ အဝတ်အထည်၊ ဆေးဝါးကုသမှု၊ လေ့ကျင့်ခန်းနှင့် တကိုယ်ရေသန့်ရှင်းမှုဆိုင်ရာ ပစ္စည်းများကို စီစဉ်ပေးရမည်။

ချုပ်နှောင်ခံရသူများ၏ ဘာသာရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာယုံကြည်မှုတို့ကို လေးစားရမည်။

ချုပ်နှောင်ခံရသူတိုင်းသည် တရားစီရင်ရေးအာဏာပိုင်၏ ရှေ့မှောက်သို့ရောက်ရှိရန် အခွင့်အရေးရှိပြီး၊ သူ သို့မဟုတ် သူမကို ချုပ်နှောင်ထားခြင်း၏ တရားဥပဒေနှင့် ညီညွတ်မှုရှိ၊ မရှိကို ပြန်လည်သုံးသပ်ရန်အခွင့်အရေး ရရှိရမည်။

ချုပ်နှောင်ခံရသော အမျိုးသမီးနှင့် ကလေးလူငယ်များ၏ အခွင့်အရေးများနှင့် အထူးအခြေအနေများကို လေးစားရမည်။

မည်သူမဆို ချုပ်နှောင်ခံနေရသောသူ၏အခြေအနေကိုအခွင့်ကောင်း ယူကာ သူ သို့မဟုတ် သူမကိုဖြောင့်ချက်ပေးရန် သို့မဟုတ် အခြား နည်းဖြင့် သူ သို့မဟုတ် သူမ သို့မဟုတ် အခြားသူတစ်ဦး အပြစ်ကျူးလွန်ကြောင်းဝန်ခံစေရန် အတင်းအကြပ် ပြုလုပ်ခြင်း မရှိစေရ။

စည်းကမ်းနှင့် စနစ်တကျရှိမှုအတွက် ဆောင်ရွက်ချက်များသည် ဥပဒေနှင့် စည်းမျဉ်းများတွင် ပြဋ္ဌာန်းထားသည့်အတိုင်းသာ ဖြစ်ရ မည့်အပြင် လုံခြုံစွာ ချုပ်နှောင်ထားရှိရန်အတွက် လိုအပ်သည်ထက် မပိုရသလို လူသားခြင်းမစာနာခြင်းလည်း မရှိစေရ။

**လူ့အခွင့်အရေးဆိုင်ရာစံများ**

*ရဲအရာရှိအားလုံး*

- အကြံပြုခြင်း၊ အမိကရုဏ်းထိန်းချုပ်ခြင်း၊ ရှေးဦးသူနာပြုစုခြင်း၊ မိမိကိုယ်မိမိ ကာကွယ်ခုခံခြင်း၊ ပဋိပက္ခဖြေရှင်းခြင်းနှင့် ကြီးကြပ် ကွပ်ကဲခြင်းဆိုင်ရာကျွမ်းကျင်မှုတို့ကို ထက်မြက်လာစေရန် သင် တန်း အစီအစဉ်များတွင် တက်ရောက်ရန် စာရင်းသွင်းပါ။
- အန္တရာယ်ရှိနိုင်သော သူများကို သိရှိနိုင်စေရန် ချုပ်နှောင်ခံနေရသူ အားလုံး၏ အဝင်ပြန်လည်သုံးသပ်ခြင်းနှင့် အကဲဖြတ်ခြင်းမှတ် တမ်းများကို လေ့လာပါ။
- ဘုန်းတော်ကြီးများ၊ ဥပဒေဆိုင်ရာ ကိုယ်စားလှယ်များ၊ မိသားစု ဝင်များ၊ စစ်ဆေးသူများနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများလာ ရောက်ခြင်းကို အထောက်အကူပြုပါ။
- လူတွေ့မေးမြန်းရန်အတွက် ခေတ်မီသော အကောင်းဆုံး လုပ် ဆောင်ရန် နည်းလမ်းများကို လေ့လာပါ၊ အသုံးပြုပါ။
- အချိန်တိုင်းတွင် မြင်သာသော မည်သူမည်ဝါဖြစ်ကြောင်းသိရှိ အောင်ပြုလုပ်သည့်တံဆိပ်ကို အမြဲတပ်ဆင်ထားပါ။
- ချုပ်နှောင်ခံရသူကို ပြင်ပတွင် ပို့ဆောင်ပေးရန်ကိစ္စမှတပါး၊ လက် နက်ကိုင်ဆောင်ခြင်းဆိုင်ရာ အထောက်အကူကို ရယူခြင်းမပြုပါ နှင့်။
- လုံခြုံမှုနှင့် စိတ်ချရမှုကို သေချာစေရန်၊ ချုပ်နှောင်ခံရသူကို ပုံမှန်၊ အချိန်အခါအလိုက် စစ်ဆေးပါ။
- အစားအစာ၊ ထိန်းချုပ်မှုနှင့် စည်းကမ်းဆိုင်ရာကိစ္စအားလုံးတို့နှင့် ပတ်သက်ပြီး ဆေးဘက်ဆိုင်ရာဝန်ထမ်းနှင့် အနီးကပ်ဆွေးနွေးပါ။

ချုပ်နှောင်ခံနေရသူများကို ကိုယ်ခန္ဓာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာနှိပ်စက်မှုကို သံသယတစ်စုံတစ်ရာဖြစ်လျှင် ချက်ချင်းသတင်းပို့အစီရင်ခံပါ။

- ထိန်းချုပ်သည့်ကိရိယာများကို မည်သည့်အခါမျှ အပြစ်ပေးရန်အတွက် အသုံးမပြုပါနှင့်။ ချုပ်နှောင်ခံနေရသူကို လွှဲပြောင်းပေးစဉ်အတွင်း လွတ်မြောက်သွားခြင်းမှ ကာကွယ်ရန်၊ အတည်ပြုထားသည့်ဆေးဘက်ဆိုင်ရာအကြောင်းရင်းများ၊ သို့မဟုတ် ချုပ်နှောင်ခံနေရသူ သို့မဟုတ် အခြားသူများ၏ ထိခိုက်ဒဏ်ရာရမှုနှင့် ချုပ်နှောင်ထားသောနေရာကို ထိခိုက်ခြင်းတို့မှ ကာကွယ်ရန် ရည်ရွယ်ချက်အတွက် ညွှန်ကြားရေးမှူး၏အမိန့်အရဖြစ်သည့်အခါတို့တွင်သာ ထိန်းချုပ်သည့်ကိရိယာကို အသုံးပြုပါ။
- အပန်းဖြေဆိုင်ရာပစ္စည်းများ၊ စာအုပ်များ၊ စာရေးစရာ ပစ္စည်းများကို အသုံးပြုခြင်းကို ဖြစ်မြောက်စေရန် ပံ့ပိုးပေးပါ။
- အင်အားအသုံးပြုခြင်းဆိုင်ရာ စည်းမျဉ်းများကို သေချာစွာ လေ့လာပါ။
- အောက်တွင် ဖော်ပြထားသော ထိန်းချုပ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာအရာရှိများများအတွက် သက်ဆိုင်သော အကြံပြုချက်များကို ပြန်လည်သုံးသပ်ပြီး လိုက်နာပါ။

*ထိန်းချုပ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာအရာရှိများ*

- ချုပ်နှောင်ခံနေရသူများအတွက် ပြုမူဆက်ဆံခြင်းဆိုင်ရာ တည်ဆဲအမိန့်များကို ဖော်ထုတ်ပါ၊ ပျံ့နှံ့အောင်လုပ်ပြီး အတည်ပြုလိုက်နာပါစေ၊ ပုံမှန်ပြန်လည်သုံးသပ်ပါ။
- ချုပ်နှောင်ထားရာနေရာများရှိ တာဝန်ကျဝန်ထမ်းများအားလုံးကို အထူးသင်တန်းပို့ချပါ။
- အစားအစာဆိုင်ရာဓလေ့ထုံးတမ်းအပါအဝင်၊ ချုပ်နှောင်ခံရသူများ၏ဘာသာရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာ ယုံကြည်မှုတို့ကို လေးစားလိုက်နာမှုကို သေချာစေရန် အထူးစီမံချက်များကို လက်ခံကျင့်သုံးပါ။
- ချုပ်နှောင်ခံရသူအား သတင်းပေးရန်(၃)ချက်စနစ်ကို လက်ခံကျင့်သုံးပါ။ ၎င်းတို့မှာ– သူ သို့မဟုတ် သူမကို အကျဉ်းချထားခြင်း၏အကြောင်းရင်း(ချက်ချင်း)၊ စွဲဆိုထားသည့်စွဲချက်များကို သတင်းပေးခြင်း(လျင်မြန်စွာ)၊ သူ သို့မဟုတ် သူမ၏အခွင့်အရေးများ (နှစ်ကြိမ် – အကြောင်းပြချက်ကို အသိပေးခြင်းနှင့် တစ်ပြိုင်

နက်တည်း၊ စွဲချက်များကိုအကြောင်းကြားခြင်းနှင့် နောက်တစ်ကြိမ်)

- တာဝန်များချထားသည့်အခါ၊ ဖမ်းဆီးသည့်အရာရှိများနှင့် စုံစမ်းစစ်ဆေးသည့်အရာရှိများမဟုတ်သည့် ချုပ်နှောင်ထားခြင်းခံရသူများကို ကြီးကြပ်ကွပ်ကဲရန် အရာရှိများကို စီစဉ်ထား ရှိရမည်။
- ချုပ်နှောင်ခံထားရသူများထဲမှ ဆက်လက်ချုပ်နှောင်ရန် မလိုအပ်သောသူများကို သိရှိအောင်ပြုလုပ်ရာတွင် အထောက် အကူရရှိရန် တရားစွဲဆိုသူ၊ တရားသူကြီး၊ ရဲစုံစမ်းစစ်ဆေးသူများ နှင့် လူမှုရေးလုပ်သားများတို့နှင့် ပုံမှန်တွေ့ဆုံပါ။
- ချုပ်နှောင်ခံရသော အမျိုးသမီးများကိုစောင့်ကြပ်ရန်၊ ရှာဖွေရန်နှင့် ကြီးကြပ်ကွပ်ကဲရန် အမျိုးသမီးဝန်ထမ်းကို တာဝန်ချထားပါ။ အရေးပေါ်ကိစ္စမှအပ အမျိုးသမီးအပိုင်းတွင် အမျိုးသားဝန်ထမ်းများ အတွင်းသို့ ဝင်ရောက်ခြင်းကို တားမြစ်ပါ။
- မိသားစုများလာရောက်သည့်နေရာနှင့် ပိုင်းခြားထားသည့် အထူးအခန်းတစ်ခန်းကို ဥပဒေအကြံပေးများနှင့်သီးသန့်တွေ့ဆုံနိုင်ရန် စီစဉ်ထားရှိပါ။
- ပုံမှန်မျက်နှာချင်းဆိုင်တွေ့ဆုံရန်လာရောက်ခြင်းအတွက် တွေ့ဆုံရန်နေရာကို ဧည့်သည်နှင့် အကျဉ်းကျနေသူအကြား ကွန်ယက်သံပန်း၊ စားပွဲ သို့မဟုတ် အလားတူအပိုင်းအခြားကို စီစဉ်ထားရှိပါ။
- ပြစ်မှုဆိုင်ရာအရေးယူခြင်းကိုစတင်သည့်အချိန်မှတောက်လျှောက် အပါအဝင်၊ မည်သည့်နှိပ်စက်ညှဉ်းပန်းခြင်း သို့မဟုတ် ရက်စက်သော၊ လူသားမဆန်သော သို့မဟုတ် အရှက်ရသိမ်ငယ်စေသော ပြုမူဆက်ဆံခြင်း သို့မဟုတ် အပြစ်ပေးခြင်းတို့ကို တင်းကျပ်စွာတားမြစ်ပြီး၊ အလျင်အမြန်စုံစမ်းစစ်ဆေးကာ၊ ကြီးလေးသော ပြစ်ဒဏ်ပေးရမည်။
- နံနက်စာနှင့် ညနေစာများကို (၁၅)နာရီထက်ပိုမိုခြားခြင်းမရှိစေဘဲ၊ အချိန်မှန်မှန်၊ အခြေခံပုံမှန်စားသုံးရန်လိုအပ်ချက်များကို ပြည့်မီသော အစားအစာကို စီစဉ်ပေးရမည်။
- မိမိကိုယ်မိမိသေကြောင်းကြံစည်ခြင်းကို ကာကွယ်ခြင်းအပါအဝင် စိတ်ပိုင်းဆိုင်ရာပြုစုစောင့်ရှောက်မှုနှင့် အကြံပေးခြင်းတို့တွင် သင်တန်းတက်ထားသောအရာရှိ အနည်းဆုံးတစ်ယောက်ကို အချိန်ပြည့်တာဝန် ချထားရမည်။

- ချုပ်နှောင်ခံရသူအားလုံးကို အကျဉ်းထောင်သို့ ဝင်ရောက်စဉ် ဖျားနာခြင်း၊ အနာတရ၊ အရက်သေစာ သို့မဟုတ် မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် စိတ်ဝေဒနာလက္ခဏာများရှိ၊ မရှိစစ်ဆေးရမည်။
- စည်းကမ်းပိုင်းဆိုင်ရာအသေးစားကိစ္စများကို လိမ္မာပါးနပ်စွာနှင့်ပုံမှန်ကိုင်တွယ် ဖြေရှင်းပါ။ ပိုမို၍ အရေးပါသောကိစ္စရပ်များကို ခိုင်မာပြီးဖြစ်သည့် လုပ်ထုံးလုပ်နည်းများဖြင့် ဖြေရှင်းပါ။ ၎င်းလုပ်ထုံးလုပ်နည်းများရှိသည်ကိုလည်း အကျဉ်းကျအားလုံးကို အကျဉ်း ထောင်သို့ဝင်ရာက်စဉ် ရှင်းလင်းစွာ ပြောပြပါ။
- ချုပ်နှောင်ခံရသူကိုအကျဉ်းထောင်၏ပြင်ပတွင်ပို့ဆောင်ပေးခြင်းမှအပ အရာရှိများသည် အကျဉ်းထောင်နယ်မြေအတွင်း သေနတ်လက်နက်ကို ကိုင်ဆောင်ခြင်း မပြုသင့်ပါ။
- ချုပ်နှောင်ထားရာနေရာသို့ တာဝန်ချထားခြင်းခံရသော အရာရှိအားလုံးကို မသေစေနိုင်အောင် ထိန်းသိမ်းသည့်နည်းလမ်းများ၊ အဓိကရုဏ်းထိန်းသိမ်းသော နည်းပညာများနှင့် ကိရိယာများကိုသုံး စွဲခြင်းဆိုင်ရာသင်တန်းပေးပါ။
- ချိုးဖောက်မှုများကို တိကျစွာအစီရင်ခံခြင်းကို ပိုမိုချောမွေ့လွယ်ကူစေရန် ချုပ်နှောင်ရေးဆိုင်ရာအရာရှိများကို ကြည်လင်ပြတ်သားစွာမြင်နိုင်သော မည်သူမည်ဝါဖြစ်ကြောင်းတံဆိပ်များကို တပ်ဆင်စေရမည်။
- အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) နှင့် အခြားအလားတူအဖွဲ့အစည်းများနှင့် အပြုသဘောဆောင်သောဆက်ဆံရေးကို တည်ထောင်ပါ။
- ရဲများ၏ချိုးဖောက်ခြင်းများအတွက် ရာထူးချထားခြင်းမှ စတင်၍ လစာငွေမပေးခြင်းနှင့် အလုပ်မှရပ်စဲခြင်း၊ ကြီးလေးသောချိုးဖောက်မှုများအပေါ် ပြစ်မှုဆိုင်ရာတရားစွဲဆိုခြင်းအထိ ဆီလျော်သော ပြစ်ဒဏ်အမျိုးမျိုးတို့ကို ဖော်ထုတ်ပြီးကြေညာပါ။

## အင်အားနှင့် သေနတ်လက်နက်အသုံးခြင်း

### လူ့အခွင့်အရေးစံများ

### အင်အားအသုံးပြုခြင်း

လူတိုင်းသည် အသက်ရှင်ပိုင်ခွင့်နှင့် လူပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ရက်စက်သော၊ လူသားမဆန်သော သို့မဟုတ် အရှက်ရသိမ်ငယ်စေသော ပြုမူဆက်ဆံမှုနှင့် အပြစ်ပေးမှုတို့မှ ကင်းလွတ်ပိုင်ခွင့်များရှိသည်။

အကြမ်းမဖက်သည့်နည်းလမ်းများဖြင့် ဦးစွာကြိုးပမ်းရပါမည်။

အင်အားကို မဖြစ်မနေလိုအပ်မှသာလျှင် သုံးစွဲရပါမည်။

အင်အားကို ဥပဒေနှင့်ညီညွတ်သော ဥပဒေရေးရာအတည်ပြုလိုက်နာစေရန်ရည်ရွယ်ချက်များအတွက်သာလျှင် သုံးစွဲရပါမည်။

ဥပဒေနှင့်မညီညွတ်သော အင်အားအသုံးပြုခြင်းများအတွက် ချွင်းချက် သို့မဟုတ် အကြောင်းပြချက်များကို ခွင့်မပြုရပါ။

ဥပဒေနှင့်ညီညွတ်သော ရည်မှန်းချက်များနှင့် အင်အားအသုံးပြုခြင်းသည် အမြဲတမ်း အချိုးညီရပါမည်။

အင်အားကိုအသုံးပြုရာတွင် ထိန်းချုပ်ခြင်းကိုကျင့်သုံးရပါမည်။

ထိခိုက်ပျက်စီးခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်းကို အနည်းဆုံးဖြစ်စေရပါမည်။

ကွဲပြားခြားနားမှုရှိသော အင်အားအသုံးပြုခြင်းအတွက် နည်းလမ်းအသွယ်သွယ်ကို ရရှိနိုင်စေရန် ပြုလုပ်ထားရှိရမည်။

အရာရှိများအားလုံးကို ကွဲပြားခြားနားမှုရှိသော အင်အားအသုံးပြုခြင်းအတွက် နည်းလမ်းအသွယ်သွယ်ကို အသုံးပြုတတ်စေရန် လေ့ကျင့်ပေးထားရမည်။

အရာရှိများအားလုံးကို အကြမ်းမဖက်သည့်နည်းလမ်းများကို အသုံးပြုရန် လေ့ကျင့်ပေးထားရမည်။

## အင်အားနှင့်သေနတ်လက်နက်အသုံးပြုခြင်းအပေါ်တာဝန်ရှိခြင်း

အင်အားနှင့် သေနတ်လက်နက်အသုံးပြုရသော ဖြစ်ရပ်အားလုံးကို အထက်အရာရှိများထံ အစီရင်ခံရမည်ဖြစ်ပြီး အထက်အရာရှိများက လည်းပြန်လည်သုံးသပ်ရမည်။

အကယ်၍ အလွဲသုံးစားပြုလုပ်သည်ကို အထက်အရာရှိသည် သိရှိလျှင် သို့မဟုတ် သိရှိသင့်ခဲ့သော်လည်း ထိရောက်စွာ အရေးယူဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါလျှင် အထက်အရာရှိများ သည် ၄င်းတို့၏ထိန်းချုပ်မှုအောက်တွင်ရှိသော ရဲ၏ဆောင်ရွက်မှု များအပေါ် တာဝန်ခံရမည်။

ဥပဒေနှင့်မညီသော အထက်အမိန့်များကို ငြင်းဆန်သည့် အရာရှိ များကို ကင်းလွတ်ခွင့်ပေးရမည်။

ဤစည်းမျဉ်းများ အလွဲသုံးစားပြုမှုကို ကျူးလွန်သောအရာရှိများအား အထက်အမိန့်များကို လိုက်နာသည်ဆိုသောအကြောင်းပြချက်ဖြင့် ခွင့်မလွှတ်ရပါ။

## သေနတ်လက်နက်ကိုအသုံးပြုခြင်းအပေါ် ခွင့်ပြုနိုင်သည့်အခြေအနေများ

သေနတ်လက်နက်များကို အလွန်လိုအပ်မှသာလျှင် အသုံးပြုရပါ မည်။

သေနတ်လက်နက်များကို သေစေခြင်း သို့မဟုတ် အပြင်းအထန် ဒဏ်ရာကို ဖြစ်အံ့ဆဲဆဲခြိမ်းခြောက်ခြင်းကို ဆန့်ကျင်ပြီး မိမိ ကိုယ်ကိုကာကွယ်ခုခံခြင်း သို့မဟုတ် အခြားသူကိုကာကွယ်ခုခံ ခြင်း အတွက်သာ အသုံးချရမည်။

*သို့မဟုတ်*

- အသက်အန္တရာယ်စိုးရိမ်ဖွယ်ဖြစ်သော အထူးကြီးလေးသော ပြစ်မှုကို ကာကွယ်တားဆီးရန်

*သို့မဟုတ်*

– ဖမ်းဆီးရန် သို့မဟုတ် အဆိုပါခြိမ်းခြောက်မှုကိုဖြစ်ပေါ်စေသည့်သူသည် ခြိမ်းခြောက်ခြင်းကို ရပ်သွားစေရန် ကြိုးပမ်းအားထုတ်မှုများကို ဆန့်ကျင်နေပြီး ထိုသူလွတ်မြောက်သွားခြင်းကို ကာကွယ်တားဆီးရန်

နှင့်

– အမှုတိုင်းတွင်၊ ပြင်းထန်မှုလျော့နည်းသော အရေးယူဆောင်ရွက်ခြင်းများမှာ မလုံလောက်သောအခါမှသာ

လူ့အသက်ကို ကာကွယ်ရန်အတွက် မသုံးမဖြစ်၊ မလွှဲမရှောင်သာသည့်အခါမှသာ တမင်သေစေလောက်သော အင်အားနှင့် သေနတ်လက်နက်အသုံးပြုခြင်းကို ခွင့်ပြုရမည်။

## သေနတ်လက်နက်ကို အသုံးပြုရန်လုပ်ထုံးလုပ်နည်းများ

အရာရှိသည် မိမိကိုယ်ကို မိမိပြည်သူ့ရဲအရာရှိဖြစ်ကြောင်း သိရှိရမည်။

*နှင့်*

အရာရှိသည် ရှင်းလင်းပြတ်သားသော သတိပေးခြင်းကို ပြုလုပ်ရမည်။

နှင့်

အရာရှိသည် သတိပေးခြင်းကို လိုက်နာစေရန် လုံလောက်သောအချိန် ပေးရမည်။

*သို့သော်*

အကယ်၍ နှောင့်နှေးကြန့်ကြာမှုသည် အရာရှိ သို့မဟုတ် အခြားသူများကို သေစေမည် သို့မဟုတ် အပြင်းအထန်ဒဏ်ရာရစေမည်ဖြစ်လျှင် အထက်ပါအချက်များသည် မလိုအပ်စေရ။

*သို့မဟုတ်*

ထိုသို့ပြုလုပ်ရန် အခြေအနေများမှာ အဓိပ္ပာယ်မရှိ သို့မဟုတ် မသင့် လျော်သည်မှာ ထင်ရှားရှင်းလင်းနေပါက

### သေနတ်လက်နက်ကိုအသုံးပြုပြီးသောအခါ

ထိခိုက်ဒဏ်ရာရသောသူအားလုံးကိုဆေးဝါးအကူအညီပေးရပါမည်။

ထိခိုက်မှုရှိခဲ့သော သူများ၏ ဆွေမျိုးများနှင့် မိတ်ဆွေများထံ အကြောင်းကြားရမည်။

တောင်းဆိုခြင်းရှိခဲ့ပါလျှင် သို့မဟုတ် လိုအပ်ခဲ့ပါလျှင် စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ရမည်။

ဖြစ်ပျက်မှု၏အပြည့်အစုံနှင့် အသေးစိတ်စာရင်းကို ပေးရပါမည်။

## လူ့အခွင့်အရေးများကျင့်စဉ်

***ရဲအရာရှိများအားလုံး***

- ရှေးဦးသူနာပြုစုခြင်း၊ မိမိကိုယ်မိမိကာကွယ်ခုခံခြင်း၊ ကာကွယ်ခုခံသည့် ကိရိယာကိုအသုံးပြုမှု၊ သေစေခြင်းကို မဖြစ်လောက်သော တန်ဆာပလာကို အသုံးပြုမှု၊ သေနတ်လက်နက်များကို အသုံးပြုမှု၊ လူအုပ်စု၏ပြုမူမှု၊ ပဋိပက္ခဖြေရှင်းခြင်း နှင့် လူပုဂ္ဂိုလ်ဆိုင်ရာစိတ်ဖိစီးမှုကို ထိန်းချုပ်ခြင်းတို့တွင် သင်၏ကျွမ်းကျင်မှုများတိုးတက်စေသော သင်တန်းများတွင် တက်ရောက်ရန်စာရင်းသွင်းပါ။
- ဒိုင်းများ၊ ထိုးနှက်မှုကို ကာကွယ်သောအင်္ကျီ၊ အမာစားခမောက်နှင့် သေစေခြင်းကို မဖြစ်စေလောက်သော လက်နက်များကိုရယူ၊ သုံးစွဲနိုင် ရန်လေ့ကျင့်ပါ။
- သေစေခြင်းကို မဖြစ်စေလောက်ဘဲ မသန်မစွမ်းခြင်းကို ဖြစ်စေသောလက်နက်များအပါအဝင်၊ ကွဲပြားခြားနားသော အင်အားအသုံးပြုခြင်းအတွက်နည်းလမ်းအမျိုးမျိုးကို ရယူ၊ လေ့ကျင့်၊ သုံးစွဲပါ။
- စိတ်ဒဏ်ရာများ အပေါ်အကြံပေးခြင်းလုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ပါ။
- သင့်အားထုတ်ပေးထားသော သေနတ်လက်နက်များကိုဂရုတစိုက် သိမ်းဆည်းပြီး လုံခြုံမှုရှိအောင်လုပ်ပါ။
- သေနတ်လက်နက်တိုင်းသည် မောင်းတင်ထားသော သေနတ်လက်နက်အဖြစ်မှတ်ယူပါ။
- ဆွဲဆောင်ခြင်း၊ ဖျန်ဖြေခြင်းနှင့် စေ့စပ်ဆွေးနွေးခြင်းဆိုင်ရာနည်းလမ်းများကို လေ့လာပြီး အသုံးပြုပါ။

- အင်အားကို အကြမ်းမဖက်သောနည်းလမ်းများဖြင့် အစပြု၍ အဆင့်ဆင့်၊ တိုးတက်သုံးစွဲခြင်းကို ကြိုတင်စီစဉ်ပါ။
- သင်၏လုပ်ဖော်ကိုင်ဘက်များ၏ ကိုယ်ခန္ဓာနှင့် စိတ်အခြေအနေတို့နှင့်စပ်လျဉ်း၍ သတိရှိပါ။ လိုအပ်ပါက ဆီလျော်သော ဂရုစိုက်မှု၊ ဆွေးနွေးလမ်းညွှန်မှုနှင့် သင်တန်းများအား ၄င်းတို့ ရရှိစေရန်ကြား ဝင်ဆောင်ရွက်ပါ။

***ထိန်းချုပ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာအရာရှိများ***

- အင်အားအသုံးပြုခြင်းနှင့် သေနတ်လက်နက်ဆိုင်ရာရှင်းလင်းပြတ်သားသော တည်ဆဲအမိန့်များကို ထုတ်ပြန်ပြီး အတည်ပြုလိုက်နာပါစေ။
- ရှေးဦးသူနာပြုစုခြင်း၊ မိမိကိုယ်မိမိကာကွယ်ခုခံခြင်း၊ ကာကွယ်ခုခံသည့် ကိရိယာကိုအသုံးပြုမှု၊ သေစေခြင်းကို မဖြစ်စေလောက်သော လက်နက်များကိုအသုံးပြုမှု၊ သေနတ်လက်နက်များကို အသုံးပြုမှု၊ လူအုပ်စု၏ပြုမူမှု၊ ပဋိပက္ခ ဖြေရှင်းခြင်း၊ စိတ်ဖိစီးမှုကို ထိန်းချုပ်ခြင်းနှင့် ဆွဲဆောင်ခြင်း၊ ဖျန်ဖြေခြင်းနှင့် ညှိနှိုင်းခြင်းဆိုင်ရာ ပုံမှန်သင်တန်းပေးပါ။
- အမာစားခမောက်များ၊ ဒိုင်းများ၊ ကျည်ကာအင်္ကျီများ၊ ဓါတ်ငွေ့ကာမျက်နှာဖုံး၊ ကျည်ကာယာဉ်များအပါအဝင် ကာကွယ်ခုခံခြင်းဆိုင်ရာ ကိရိယာများကိုရယူပြီး ထုတ်ပေးပါ။
- သေစေခြင်းကိုမဖြစ်စေလောက်ဘဲ မသန်မစွမ်းခြင်းကိုဖြစ်စေသော လူအုပ်စုကို ခွဲထုတ်သောကိရိယာများကို ရယူပြီး ထုတ်ပေးပါ။
- ကွဲပြားခြားနားသည့်အင်အားအသုံးပြုခြင်းအတွက် ရယူနိုင်သမျှ နည်းလမ်းအမျိုးမျိုးကိုရယူပါ။
- အရာရှိများ၏ စိတ်နှင့် ကိုယ်ခန္ဓာကျန်းမာရေး၊ အင်အားနှင့် သေနတ်လက်နက် များကိုအသုံးပြုရန် လိုအပ်ခြင်းကို ဆုံးဖြတ်ရန် သင့်လျော်ခြင်းရှိ၊ မရှိကို အဆက်မပြတ်ချင့်ချိန်ရန် အရာရှိများကို ပုံမှန်အကဲဖြတ်ခြင်းအတွက် စီစဉ်ပေးပါ။
- အင်အားအသုံးပြုခြင်းတွင် ပါဝင်သည့်အရာရှိများအားလုံးအတွက် စိတ်ဖိစီးမှု ဆိုင်ရာအကြံပေးခြင်းကို စီစဉ်ပေးပါ။

- အင်အား သို့မဟုတ် သေနတ်လက်နက်အသုံးပြုသည့်ဖြစ်ရပ်တိုင်းအတွက် ရှင်းလင်းစွာအစီရင်ခံခြင်းဆိုင်ရာ လမ်းညွှန်မှုများကို ချမှတ်ပါ။
- သေနတ်လက်နက်နှင့် ခဲယမ်းမီးကျောက်များကိုအရာရှိများကို ထုတ်ပေးထားရာတွင် ၎င်းတို့သည် တာဝန်ရှိကြောင်း သေချာစေရန်အတွက် လုပ်ထုံးလုပ်နည်းများအပါအဝင် သေနတ်လက်နက်များ ထိန်းချုပ်၊ သိမ်းဆည်းခြင်းနှင့် ထုတ်ပေးခြင်းအပေါ် တင်းကြပ်သော စည်းကမ်းဖြင့်ထိန်းသိမ်းပါ။
- အကြောင်းမဲ့ထိခိုက်ဒဏ်ရာရခြင်း၊ ထိခိုက်ပျက်စီးခြင်း သို့မဟုတ် အန္တရာယ်ရှိခြင်းတို့ဖြစ်ပေါ်စေသည့် လက်နက်များနှင့် ခဲယမ်းမီးကျောက်များ အသုံးပြုခြင်းကို တားမြစ်ပါ။
- အရာရှိများသည် တရားဝင်ထုတ်ပေးထားသောလက်နက်နှင့်ခဲယမ်းမီးကျောက်များကိုသာ အသုံးပြုကြောင်းသေချာစေရန် ပုံမှန်စစ်ဆေးမှုများကို ပြုလုပ်ပါ။ တရားဝင်ထုတ်မပေးထားသော အရာဝတ္ထုများ(အပိုင်းပိုင်းကွဲထွက်သောဗုံး၊ အစိတ်အပိုင်းများစွာကွဲထွက်သောကျည်ဆံများ)ကိုလက်ဝယ်တွေ့ရှိရသောအရာရှိ တစ်စုံတစ်ယောက်ကို သင့်လျော်သည့်အရေးယူမှုများပြုလုပ်ပါ။
- အရာရှိများက သေနတ်လက်နက်များကို အတင်းအကြပ်အသုံးပြုရသည့်အန္တရာယ်များကိုလျှော့ချရန် မဟာဗျူဟာများကို ထုတ်ဖော်ပါ။

## အရပ်ဘက်မငြိမ်မသက်ဖြစ်မှု၊ အရေးပေါ်အခြေအနေနှင့် လက်နက်ကိုင်ပဋိပက္ခဖြစ်မှု

### အရပ်ဘက်မငြိမ်မသက်ဖြစ်မှု

### လူ့အခွင့်အရေးစံများ

နဂိုအခြေအနေပြန်လည်ရောက်ရှိစေရန်ဆောင်ရွက်မှုတိုင်းသည် လူ့အခွင့်အရေးများကိုလေးစားရမည်။

နဂိုအခြေအနေပြန်လည်ရောက်ရှိစေခြင်းကို ခွဲခြားမှုမရှိစေဘဲရရှိစေရမည်။

အခွင့်အရေးများကို ကန့်သတ်ခြင်းတစ်စုံတစ်ရာသည် ဥပဒေအရ စဉ်းစားဆုံးဖြတ်ခြင်းသာဖြစ်ရမည်။

မည်သည့်ဆောင်ရွက်မှုမဆိုနှင့် အခွင့်အရေးများအပေါ်မည်သည့် ကန့်သတ်မှုမဆိုသည် အခြားသူများ၏အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များအတွက် လေးစားမှုကိုသေချာစေရန် ရည်ရွယ်ချက်အတွက်သာလျှင် ဖြစ်စေရမည်ဖြစ်ပြီး၊ ကိုယ်ကျင့်သိက္ခာ၊ ပြည်သူလူထုအစီအစဉ်တကျရှိမှုနှင့် ယေဘုယျကောင်းကျိုးဆိုင်ရာ တရားမျှတသော လိုအပ်ချက်များကိုဖြည့်ဆည်းရန်ဖြစ်ရမည်။

ပြုလုပ်သည့်ဆောင်ရွက်မှု တစ်စုံတစ်ရာနှင့် အခွင့်အရေးများကို ကန့်သတ်မှုတစ်စုံတစ်ရာသည် ဒီမိုကရက်တစ် လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များနှင့် ကိုက်ညီသောအရာများသာဖြစ်ရမည်။

အသက်ရှင်ပိုင်ခွင့်၊ နှိပ်စက်ညှဉ်းပန်းခြင်းမှလွတ်မြောက်ရန်အခွင့်အရေး၊ ပဋိညာဉ်ဆိုင်ရာ တာဝန်ကိုဖြည့်ဆည်းရန်ပျက်ကွက်မှုအတွက် အကျဉ်းချထားခြင်းကိုတားမြစ်ခြင်း၊ ဖြစ်ပျက်ပြီးမှ ထုတ်ပြန်သော ဥပဒေများကို တားမြစ်ခြင်း၊ လူတိုင်းကို ဥပဒေအရာတွင် လူပုဂ္ဂိုလ်အဖြစ်သတ်မှတ်ခြင်း၊ လွပ်လပ်စွာတွေးခေါ်ပိုင်ခွင့်၊ အသိစိတ်နှင့် ဘာသာရေးတို့နှင့် စပ်လျဉ်း၍ ချွင်းချက်များကို ခွင့်မပြုပါ။

အင်အားကိုအသုံးမပြုမီ အကြမ်းမဖက်သော နည်းလမ်းကိုကြိုးပမ်းအားထုတ်ပါ။

အင်အားကိုမဖြစ်မနေလိုအပ်မှသာ အသုံးပြုပါ။

အင်အားကို ဥပဒေနှင့်ညီညွတ်သော၊ ဥပဒေကိုအတည်ပြုလိုက်နာရန် ရည်ရွယ်ချက်အတွက်သာ သုံးစွဲပါ။

အသုံးပြုသော အင်အားသည်ဥပဒေနှင့်ညီညွတ်သော၊ ဥပဒေကိုအတည်ပြုလိုက်နာရန်ရည်ရွယ်ချက်များနှင့် အချိုးညီရမည်။

ထိခိုက်ပျက်စီးခြင်းနှင့် ဒဏ်ရာရခြင်းတို့ကို ကန့်သတ်ရန် အားထုတ်မှုတိုင်းကို ပြုလုပ်ရမည်။

ကွဲပြားခြားနားသော အင်အားအသုံးပြုခြင်းအတွက် နည်းလမ်းအမျိုးမျိုးကိုရရှိအောင် ပြုလုပ်ပါ။

လွတ်လပ်စွာဟောပြောခွင့်၊ စုရုံးခွင့်၊ အသင်းဖွဲ့ခွင့် သို့မဟုတ် လှုပ်ရှားသွားလာခွင့်တို့အပေါ် မလိုအပ်သော ကန့်သတ်ခြင်းများကိုချမှတ်ခြင်းမပြုရ။

လွတ်လပ်စွာ သဘောထားခံယူခြင်းအပေါ်မည်သည့်ကန့်သတ်ချက်ကိုမျှ ချမှတ်ခြင်းမပြုရ။

တရားစီရင်ရေး၏လွတ်လပ်စွာဆောင်ရွက်ခြင်းကို ထိန်းသိမ်းစောင့်ရှောက်ရမည်။

ဒဏ်ရာရရှိသူနှင့် အထိတ်တလန့်ဖြစ်သောသူများကို အလျင်အမြန်ဂရုစိုက်ပေးရမည်။

## လူ့အခွင့်အရေးများကျင့်စဉ်

***ရဲအရာရှိအားလုံး***

- လူ့အသိုက်အဝန်းကို ထိန်းချုပ်သောမဟာဗျူဟာများကို လက်ခံကျင့်သုံးပြီး လူ့အဖွဲ့အစည်းအတွင်း အမျိုးမျိုးသော အုပ်စုများအကြား နှင့် ထိုအုပ်စုများနှင့် အာဏာပိုင်များအကြား လူမှုရေးတင်းမာမှုများ၏အဆင့်များကို စောင့်ကြည့်စစ်ဆေးပါ။
- တရားဥပဒေနှင့် မညီသော ဆန္ဒပြရန်ပြင်ဆင်မှုတစ်စုံတစ်ရာကို သတိ ပြုရမည်။
- အခြေအနေကို မလိုလားအပ်ဘဲမမြင့်မားလာစေရန်၊ ငြိမ်းခြောက်ခြင်းမရှိသော လူစုဝေးခြင်း၊ တရားဥပဒေနှင့်မညီသော်လည်းငြိမ်းချမ်းစွာ ပြုလုပ်ခြင်းတို့ အပေါ်သည်းခံပါ။
- လူအုပ်စုထဲမှ ကိုယ်စားလှယ်များနှင့် တစ်ဦးချင်းလူပုဂ္ဂိုလ်များနှင့် ဆက်သွယ်ခြင်းကို ပြုလုပ်ပါ။
- လူအုပ်စုတစ်စုကို ခွဲထုတ်ပစ်ရန် လိုအပ်လာပါက၊ အမြဲတမ်းရှင်းလင်းမြင်သာသော ထွက်ပေါက်လမ်းကို ထားရှိပေးပါ။
- လူအုပ်စုကိုလွတ်လပ်စွာ တွေးခေါ်နိုင်သော လူတစ်ဦးချင်းပုဂ္ဂိုလ်များ အဖြစ်ဆက်ဆံပါ။ တစ်စိတ်တည်းရှိသော လူတစ်စုအဖြစ်မဆက်ဆံပါနှင့်။

- မလိုအပ်ဘဲ နှိုးဆွပေးသော နည်းဗျူဟာများကို ရှောင်ရှားပါ။
- အင်အားအသုံးပြုခြင်းကို သေးငယ်အောင်ပြုလုပ်သည့်လူအုပ်စုကို ထိန်းချုပ်သော နည်းပညာများကို တိုးတက်အောင် လုပ်ပါ။
- ရှေးဦးသူနာပြုစုနည်း၊ မိမိကိုယ်မိမိကာကွယ်ခုခံခြင်း၊ ကာကွယ်ခုခံသည့် ကိရိယာကိုအသုံးပြုမှု၊ သေစေခြင်းကိုမဖြစ်စေလောက်သော တန်ဆာပလာကို အသုံးပြုမှု၊ ဗသနတ်လက်နက်များကို အသုံးပြုမှု၊ လူအုပ်စု၏ပြုမူမှု၊ ပဋိပက္ခဖြေရှင်းခြင်းနှင့် စိတ်ဖိစီးမှုကိုထိန်း ချုပ်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို တိုးတက်ကောင်းမွန်လာစေရန် သင်တန်းအစီအစဉ်များတွင် တက်ရောက်ရန် စာရင်းသွင်းပါ။
- ဒိုင်းများ၊ ထိုးနှက်မှုကိုကာကွယ်သောအင်္ကျီ၊ အမာစားခမောက်နှင့် သေစေခြင်းကို မဖြစ်စေလောက်သောလက်နက်များကိုရယူခြင်းနှင့် သုံးစွဲနိုင်ရန်လေ့ကျင့်ပါ။
- သေစေခြင်းကိုမဖြစ်စေလောက်ဘဲမသန်မစွမ်းခြင်းကိုဖြစ်စေသော လက်နက်များ အပါအဝင်၊ ကွဲပြားခြားနားသောအင်အား အသုံးပြုခြင်းအတွက် နည်းလမ်းအမျိုးမျိုးကိုရယူ၊ လေ့ကျင့်၊ သုံးစွဲပါ။
- ဆွဲဆောင်ခြင်း၊ ဖျန်ဖြေခြင်းနှင့် စေ့စပ်ဆွေးနွေးခြင်းဆိုင်ရာ နည်းလမ်း တို့ကို လေ့လာပြီး အသုံးပြုပါ။
- အင်အားကို အကြမ်းမဖက်သောနည်းလမ်းများဖြင့်စတင်၍ အဆင့်ဆင့် တိုးတက်သုံးစွဲခြင်းကို ကြိုတင်စီစဉ်ပါ။

***ထိန်းချုပ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာအရာရှိများ***

- ငြိမ်းချမ်းမှုနှင့် လွတ်လပ်စွာစုဝေးခွင့်ကို လေးစားခြင်းဆိုင်ရာ ရှင်းလင်းပြတ်သားသော တည်ဆဲအမိန့်များကို ထုတ်ပြန်ပါ။
- လူ့အသိုက်အဝန်းကိုထိန်းချုပ်သော မဟာဗျူဟာများကိုမိတ်ဆက်ပေးပြီး လူ့အဖွဲ့အစည်းအတွင်း အမျိုးမျိုးသောအုပ်စုများအကြားနှင့် ထိုအုပ်စုများနှင့် အာဏာပိုင်များအကြား လူမှုရေးတင်းမာမှုများ၏အဆင့်များကို စောင့်ကြည့်စစ်ဆေးပါ။
- အခြေအနေကို မလိုလားအပ်ဘဲမြင့်မားလာစေရန်၊ ခြိမ်းခြောက်ခြင်းမရှိသောလူစုဝေးခြင်း၊ တရားဥပဒေနှင့်မညီသော်လည်းငြိမ်း

ချမ်းစွာ ပြုလုပ်ခြင်းတို့အပေါ်သည်းခံရန် အရာရှိများကို ညွှန်ကြားပါ။ လူအုပ်စုကိုထိန်းသိမ်းခြင်းဆိုင်ရာ မဟာဗျူဟာကို တိုးတက်ဖွံ့ဖြိုးစေရာတွင် သတိရရန် အဓိကရည်မှန်းချက်များမှာ အစီအစဉ်တကျရှိခြင်း နှင့် လုံခြုံမှုကို ထိန်းသိမ်းခြင်းနှင့် လူ့အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ခြင်းဖြစ်ပြီး၊ ခွင့်ပြုချက်များ သို့မဟုတ် တရားဥပဒေ နှင့် မညီသော်လည်း ခြိမ်းခြောက်ခြင်း မရှိသည့်အပြုအမူနှင့်စပ်လျဉ်းသည့် တရားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အတည်ပြုလိုက်နာအောင်ပြုလုပ်ခြင်း မဖြစ်စေရပါ။

- အင်အားနှင့် သေနတ်လက်နက်များကို အသုံးပြုခြင်းဆိုင်ရာရှင်းလင်းပြတ်သားသော တည်ဆဲအမိန့်များကို ထုတ်ပြန်ပြီး အတည်ပြုလိုက်နာအောင်ပြုလုပ်ပါ။
- ရှေးဦးသူနာပြုစုခြင်း၊ မိမိကိုယ်မိမိကာကွယ်ခုခံခြင်း၊ ကာကွယ်ခုခံသည့် ကိရိယာကို အသုံးပြုမှု၊ သေစေခြင်းကိုမဖြစ်လောက်သော လက်နက်များကိုအသုံးပြုမှု၊ သေနတ်လက်နက်များကိုအသုံးပြုမှု၊ လူအုပ်စု၏အပြုအမူ၊ ပဋိပက္ခဖြေရှင်းခြင်း၊ စိတ်ဖိစီးမှုကိုထိန်းချုပ်ခြင်းနှင့် ဆွဲဆောင်ခြင်း၊ ဖျန်ဖြေခြင်းနှင့် ညှိနှိုင်းခြင်းတို့ဆိုင်ရာ သင်တန်းများကို ပုံမှန် ပေးပါ။
- အမာစားခမောက်များ၊ ဒိုင်းများ၊ ကျည်ကာအင်္ကျီများ၊ ဓါတ်ငွေ့ကာမျက်နှာဖုံး၊ ကျည်ကာယာဉ်များအပါအဝင် ကာကွယ်ခုခံခြင်းဆိုင်ရာကိရိယာများကို ရယူပြီး၊ ထုတ်ပေးပါ။
- သေစေခြင်းကိုမဖြစ်စေလောက်ဘဲ မသန်မစွမ်းခြင်းကိုဖြစ်စေသော လူအုပ်စုကို ခွဲထုတ်သောကိရိယာများကိုရယူပြီး ထုတ်ပေးပါ။
- ကွဲပြားခြားနားသည့်အင်အားအသုံးပြုခြင်းအတွက် အကျယ်ပြန့်ဆုံး ဖြစ်နိုင်သမျှ နည်းလမ်းအမျိုးမျိုး ကိုရယူပါ။
- အင်အား သို့မဟုတ် သေနတ်လက်နက်အသုံးပြုသည့်ဖြစ်ရပ်တိုင်းအတွက် ရှင်းလင်းစွာအစီရင်ခံခြင်းဆိုင်ရာ လမ်းညွှန်မှုများကို ချမှတ်ပါ။
- သေနတ်လက်နက်နှင့်ကျည်ဆံများကို အရာရှိများကိုထုတ်ပေးထားရာတွင် ၎င်းတို့သည် တာဝန်ရှိကြောင်းသေချာစေရန်အတွက် လုပ်ထုံးလုပ်နည်းများအပါအဝင် သေနတ်လက်နက်များ ထိန်းချုပ်၊ သိမ်းဆည်းခြင်းနှင့် ထုတ်ပေးခြင်းအပေါ် တင်းကြပ်သော စည်းကမ်းဖြင့် ထိန်းသိမ်းပါ။
- အကြောင်းမဲ့ထိခိုက်ဒဏ်ရာရခြင်း၊ ထိခိုက်ပျက်စီးခြင်း သို့မဟုတ် အန္တရာယ်ရှိခြင်းတို့ဖြစ်ပေါ်စေသည့် လက်နက်များနှင့်ခဲယမ်းမီးကျောက်များအသုံးပြုခြင်းကို တားမြစ်ပါ။

- အရာရှိများက သေနတ်လက်နက်များကို အတင်းအကြပ်အသုံးပြုရသည့်အန္တရာယ်များကိုလျှော့ချရန် မဟာဗျူဟာများကို ထုတ်ဖော်ပါ။

**အရေးပေါ်အခြေအနေများ**

**လူ့အခွင့်အရေးစံများ**

အရေးပေါ်အခြေအနေကို ဥပဒေနှင့်အညီသာလျှင်ကြေညာနိုင်သည်။

ပြည်သူလူထုအရေးပေါ်ခြင်းသည် တိုင်းပြည်၏အသက်အိုးအိမ်ကို ခြိမ်းခြောက်လာသော အခါမှသာနှင့်၊ သာမန်အရေးယူဆောင်ရွက်မှုများသည် အခြေအနေကိုရင်ဆိုင်ရန် မလုံလောက်သည်မှာ ရှင်းလင်းနေမှသာလျှင် ကြေညာရမည်ဖြစ်ပါသည်။

ထူးခြားသောအရေးယူဆောင်ရွက်ခြင်းကိုမပြုလုပ်မီ အရေးပေါ်အခြေအနေကိုတရားဝင်ကြေညာရမည်။

ထူးခြားသောအရေးယူဆောင်ရွက်မှုတစ်စုံတစ်ရာသည် လတ်တလောအရေးပေါ်အခြေအနေများ၏မဖြစ်မနေလိုအပ်ချက်ဖြစ်ရပါမည်။

ထူးခြားသောအရေးယူဆောင်ရွက်မှုတစ်စုံတစ်ရာသည် အပြည်ပြည်ဆိုင်ရာဥပဒေအရ အခြားလိုအပ်ချက်များနှင့် မကိုက်ညီခြင်း မရှိစေရ။

ထူးခြားသော အရေးယူဆောင်ရွက်မှုတစုံတရာသည် လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် လူမှုရေးအရင်းအမြစ်ကို လုံးဝအခြေခံသည့် ခွဲခြားဆက်ဆံခြင်းမျိုး မဖြစ်စေရ။

အသက်ရှင်ပိုင်ခွင့်၊ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် ရက်စက်ခြင်းတို့ကို တားမြစ်ခြင်း၊ လူသားမဆန်သော သို့မဟုတ် သိက္ခာကျစေသော ပြုမူဆက်ဆံခြင်း၊ ကျွန်ပြုမှုကိုတားမြစ်ခြင်း၊ ပဋိညာဉ်ဆိုင်ရာ တာဝန်ကိုဖြည့်ဆည်းရန်ပျက်ကွက်မှုအတွက် အကျဉ်းချထားခြင်းကို တားမြစ်ခြင်း၊ ဖြစ်ပျက်ပြီးမှ ထုတ်ပြန်သောဥပဒေများကို တားမြစ်ခြင်း၊ လူတိုင်းကို ဥပဒေအရာတွင် လူပုဂ္ဂိုလ်အဖြစ်သတ်မှတ်ခြင်း၊

လွပ်လပ်စွာ တွေးခေါ်ပိုင်ခွင့်၊ အသိစိတ်၊ ဘာသာရေးတို့နှင့်စပ်လျဉ်း၍ ချွင်းချက်များကို ခွင့်မပြုပါ။

မည်သူ့ကိုမျှ ကျူးလွန်သည့်အချိန်တွင်ပြစ်မှုမဟုတ်သည့်ကျူးလွန်ခြင်းကို ပြစ်မှုဖြင့်အပြစ်ရှိသည်ဟုဆုံးဖြတ်ခြင်း မရှိစေရ။

ပြစ်မှုကျူးလွန်သည့်အချိန်တွင် သက်ဆိုင်သောပြစ်ဒဏ်ထက် ပိုမိုပြင်းထန်သော ပြစ်ဒဏ်ဖြင့်မည်သူ့ကိုမျှအပြစ်ပေးခြင်း မရှိစေရ။

ပြစ်မှုကျူးလွန်ပြီးနောက်ပိုင်းတွင် ဥပဒေအရပြစ်မှု၏ပြစ်ဒဏ်ကို လျှော့ချပါလျှင်၊ လျှော့ပေါ့သောပြစ်ဒဏ်ကို ကျူးလွန်သူသည်ခံစားရမည်။

**လက်နက်ကိုင်ပဋိပက္ခဖြစ်မှု**

**လူ့အခွင့်အရေးစံများ**

လက်နက်ကိုင်ပဋိပက္ခနှင့် သိမ်းပိုက်ထားစဉ်အတွင်း၊ ရဲ များကို လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် မပေါင်းစည်းထားသမျှ ၎င်းတို့သည် တိုက်ခိုက်ခြင်းကို မပြုလုပ်နေသူများ အဖြစ် မှတ်ယူရမည်။

ရဲများသည် သိမ်းပိုက်ထားစဉ် ၎င်းတို့အသိစိတ်ဓါတ်ကို အကြောင်းပြပြီး၊ ၎င်းတို့၏လုပ်ငန်းများကို ကျေပွန်စွာ ဆောင်ရွက်ခြင်းမှ ရှောင်ရှားနိုင်ပြီး၊ ထိုသို့ပြုလုပ်ခြင်းသည် ၎င်းတို့၏ အဆင့်အတန်းကို ပြောင်းလဲပစ်သည်ဟု အကျိုးသက်ရောက်ခြင်း မရှိစေရ။

လူသားချင်းစာနာမှုဥပဒေသည် လက်နက်ကိုင်ပဋိပက္ခ၏အခြေအနေများအားလုံးနှင့် သက်ဆိုင်စေရမည်။

လူသားချင်းစာနာခြင်းဆိုင်ရာ မူသဘောတရားများကို အခြေအနေများအားလုံးတွင် အကာအကွယ်ပေးရမည်။

တိုက်ခိုက်မှုကို မပြုလုပ်နေသူများနှင့် လူပုဂ္ဂိုလ်များသည် ဒဏ်ရာရ၊ ဖျားနာ သို့မဟုတ် အခြားအကြောင်းများကြောင့် လုပ်ဆောင်နေခြင်းကိုရပ်ဆိုင်းရပါလျှင် ၎င်းကိုလေးစားရမည်ဖြစ်ပြီး အကာအကွယ်လည်းပေးရမည်။

စစ်၏အကျိုးသက်ရောက်မှုများကြောင့် ခံစားနေရသူများကို ခွဲခြားမှု မရှိစေဘဲ အကူအညီပေးရမည်ဖြစ်သလို ဂရုလည်းစိုက်ရမည်။

အခြေအနေများအားလုံး၌ တားမြစ်ထားသော လုပ်ဆောင်မှုများတွင် အောက်ပါလုပ်ဆောင်ချက်များပါဝင် သည်။

- လူသတ်မှု
- နှိပ်စက်ညှဥ်းပန်းမှု
- ရိုက်နှက်သည့်ပြစ်ဒဏ်
- ကိုယ်လက်အင်္ဂါဖြတ်တောက်ခြင်း
- မုဒိမ်းမှုအပါအဝင်ပုဂ္ဂိုလ်ရေးဆိုင်ရာဂုဏ်သိက္ခာကို ရက်စက်ရမ်းကားမှု
- ဓါးစာခံဖမ်းဆီးခြင်း
- စုပေါင်းအပြစ်ပေးခြင်း
- ပုံမှန်တရားစီရင်ခြင်းမပြုဘဲသေဒဏ်စီရင်ခြင်း
- ရက်စက်မှု၊ လူသားမဆန်စွာ သို့မဟုတ် လူ့ဂုဏ်သိက္ခာ ကျအောင်ပြုမူဆက်ဆံခြင်း သို့မဟုတ် အပြစ်ပေးခြင်း

ဒဏ်ရာရသူများ၊ ဖျားနာနေသူများနှင့် သင်္ဘောပျက်မှ ရှင်ကျန်သူ များ၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းနှင့် ဝန်ဆောင်မှုများ၊ စစ်သုံ့ပန်း များ၊ အရပ်သားများ၊ အရပ်သားနှင့် ယဉ်ကျေးမှုဆိုင်ရာပစ္စည်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် အန္တရာယ်ရှိသော အင်အားများပါဝင် သည့်အလုပ်များကို တားမြစ်သည်။

လူသားချင်းစာနာထောက်ထားသောဥပဒေအရ ရရှိသောအကာအ ကွယ်ကို မည်သူတစ်ဦးတစ်ယောက်ကမျှ စွန့်လွှတ်ခြင်း မပြုနိုင် သလို စွန့်လွှတ်စေရန် အတင်းအကြပ်လည်း မပြုလုပ်နိုင်။

ကာကွယ်စောင့်ရှောက်ခြင်းခံရသူများသည် အချိန်တိုင်းတွင် အကာ အကွယ်ပေးသည့် အာဏာ (အကျိုးစီးပွားကို စောင့်ရှောက်ပေးသော ကြားနိုင်ငံ) သို့မဟုတ် အပြည်ပြည်ဆိုင်ရာကြက်ခြေနီ ကော်မတီ (ICRC) သို့မဟုတ် ဘက်လိုက်မှုမရှိသည့် မည်သည့်လူသားချင်း စာနာထောက်ထားရေးအဖွဲ့အစည်းကိုမဆို အားကိုးအားထားပြုနိုင် သည်။

## လူ့အခွင့်အရေးများကျင့်စဉ်

### *အရပ်ဘက်ရဲအရာရှိအားလုံး*

- လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားစဉ်အတွင်း လူ့အခွင့်အရေးများနှင့် လူသားချင်းစာနာထောက်ထားမှုဥပဒေတို့၏ လိုအပ်ချက်များဆိုင်ရာသင်တန်းတက်ပါ။
- ရှေးဦးသူနာပြုစုခြင်း၊ အန္တရာယ်ကိုရင်ဆိုင်ဖြေရှင်းခြင်းနှင့် အရပ်ဘက်ကာကွယ်စောင့်ရှောက်ရေးလုပ်ထုံးလုပ်နည်းများဆိုင်ရာ သင်တန်းများတက်ပါ။
- ပဋိပက္ခဖြစ်ပွားသည့်ကာလအတွင်းတွင် အစီအစဉ်တကျရှိမှုကို ထိန်းသိမ်းခြင်းနှင့် အရပ်ဘက်လူထုကို ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာသင်၏အဖွဲ့အစည်း၏မဟာဗျူဟာများကိုသင်ယူလေ့လာပါ။
- ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရပ်ဘက်အာဏာပိုင်များနှင့် စစ်တပ်တို့ကို နီးနီးကပ်ကပ်ပူးပေါင်းပါ။
- အဆိုပါကာလများအတွင်း၊ ဒုက္ခသည်များနှင့် နေရပ်စွန့်ခွာပြေးရသူများ၊ ကလေးများနှင့် ဒဏ်ရာရသူများ၊ အထူးသဖြင့် ထိခိုက်ရန်လွယ်ကူသော လူအုပ်စုများ၏ အထူးလိုအပ်ချက်များကို အထူး အာရုံပြုပေးပါ။

### *ထိန်းချုပ်ရေးဆိုင်ရာအရပ်ဘက်ရဲများနှင့် ကြီးကြပ်ကွပ်ကဲသူများ*

- လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားစဉ်အတွင်း၊ လူ့အခွင့်အရေးများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေ၏လိုအပ်ချက်များဆိုင်ရာသင်တန်းကို အရာရှိအားလုံးကိုပေးပါ။
- ရှေးဦးသူနာပြုစုခြင်း၊ ဘေးအန္တရာယ်ရင်ဆိုင်ဖြေရှင်းမှုနှင့် အရပ်ဘက်ကာကွယ်စောင့်ရှောက်ရေး လုပ်ထုံးလုပ်နည်းများဆိုင်ရာသင်တန်း ပေးပါ။
- ပဋိပက္ခဖြစ်ပွားသည့်ကာလအတွင်းတွင် အစီအစဉ်တကျရှိမှုကို ထိန်းသိမ်းခြင်းနှင့် အရပ်ဘက်လူထုကိုကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ရှင်းလင်းပြတ်သားသော မဟာဗျူဟာများကို ထုတ်ဖော်ပါ။

- ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရပ်ဘက်အာဏာပိုင်များ၊ တပ်မတော်တို့နှင့် ညှိနှိုင်းဆောင်ရွက်ရန် အရေးပေါ်ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းစံများကိုဖေါ်ထုတ်ပါ။
- လက်နက်ကိုင်ပဋိပက္ခကာလအတွင်း ရဲ၏အရပ်ဘက်အဆင့်အတန်းအပေါ် ရှင်းလင်းပြတ်သားသော ညွှန်ကြားချက်များထုတ်ပြန်ပါ။

***လက်နက်ကိုင်ပဋိပက္ခကာလအတွင်း လက်နက်ကိုင်တပ်ဖွဲ့အတွင်း ရဲကိုထည့်သွင်းပူးပေါင်းခြင်း***

- "စစ်သား၏စည်းမျဉ်းများ" အောက်ပါအတိုင်းလေ့လာပြီး အသုံးပြုပါ။
  - ✓ "စည်းကမ်းရှိသော စစ်သားဖြစ်ပါစေ။ စစ်၏ဥပဒေများကိုမလိုက်နာခြင်းသည် သင်၏စစ်တပ်နှင့် သင့်အားဂုဏ်သရေညှိုးစေမည်ဖြစ်ပြီး၊ မလိုအပ်သော ခံစားမှုများကိုလည်းဖြစ်ပေါ်စေပါမည်။ ရန်သူ၏စစ်တိုက်ရန် စိတ်ဓါတ်ကိုချို့တဲ့စေမည်မှာဝေးလို့ ၄င်းသည်ပို၍ပင် အားကောင်းစေပါမည်
  - ✓ "တိုက်ပွဲဝင်ရန်သူများကို သာတိုက်ပြီး၊ စစ်ဘက်ဆိုင်ရာရည်မှန်းချက်များကို သာတိုက်ပါ
  - ✓ "သင်၏ဦးတည်ချက်၏လိုအပ်ချက်ထက်ပိုမိုမဖျက်ဆီးပါနှင့်
  - ✓ "တိုက်ခိုက်ခြင်း၏ပြင်ပရောက်နေသော သို့မဟုတ် လက်နက်ချသော ရန်သူများကို မတိုက်ခိုက်ပါနှင့်၊ ၄င်းတို့၏ လက်နက်ကိုဖယ်ရှားပြီး ၄င်းတို့ကို အထက်အရာရှိထံအပ်ပါ
  - ✓ "မိတ်ဆွေ သို့မဟုတ် ရန်သူဖြစ်ပါစေ၊ ဒဏ်ရာရသူနှင့် ဖျားနာသူများကို စုဆောင်းပြီး ဂရုစိုက်ပေးပါ
  - ✓ "သင်၏တတ်နိုင်စွမ်းအတွင်းရှိနေသော အရပ်သားအားလုံးနှင့် ရန်သူအားလုံးကို လူသားချင်းစာနာစိတ်ဖြင့်ပြုမူဆက်ဆံပါ
  - ✓ "စစ်သုံ့ပန်းများကိုလူသားချင်းစာနာစွာ ပြုမူဆက်ဆံရမည်ဖြစ်ပြီး ၄င်းတို့မည်သူမည်ဝါဖြစ်သည်ကို သတင်းပေးရန်တာဝန်ရှိပါသည်။ စစ်သုံ့ပန်းများကို ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာနှိပ်စက်ညှဉ်းပန်းခြင်း ပြုလုပ်ခြင်းကို တားမြစ်သည်
  - ✓ "ဓါးစာခံအဖြစ်ခေါ်ဆောင်ခြင်းမပြုပါနှင့်

- ✓ " လက်စားချေခြင်းဆိုင်ရာပြုလုပ်ခြင်းအားလုံးကိုရှောင်ပါ
- ✓ " ကြက်ခြေနီ သို့မဟုတ် လခြမ်းနီ တံဆိပ်တပ်ဆင်ထားသော လူပုဂ္ဂိုလ် နှင့်အရာဝတ္ထုများအားလုံး၊ စစ်ရပ်စဲခြင်း၏ အလံဖြူ၊ သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာပစ္စည်းဟု သတ်မှတ်ထားသောတံဆိပ်များကို လေးစားပါ
- ✓ " အခြားသူများပိုင်ပစ္စည်းများကို လေးစားပါ။ လုယက်ခြင်းကိုတားမြစ်သည်
- ✓ " အထက်ပါစည်းမျဉ်းများကို ချိုးဖောက်ခြင်းတစ်စုံတစ်ရာကိုကာကွယ်တားဆီးရန်ကြိုးပမ်းအားထုတ်ပါ။
  ချိုးဖောက်ခြင်း တစ်စုံတစ်ရာကို သင်၏ အထက်လူကြီးကို အစီရင်ခံပါ။
  စစ်၏ဥပဒေများကိုချိုးဖောက်ခြင်းတစ်စုံတစ်ရာသည်အပြစ်ပေးခံရပါမည်

## လူငယ်များကိုကာကွယ်စောင့်ရှောက်ခြင်း

### လူ့အခွင့်အရေးစံများ

လူကြီးများရရှိနိုင်သော လူ့အခွင့်အရေးဆိုင်ရာအာမခံချက်အားလုံးကို ကလေးများသည် အကျိုးခံစားခွင့်ရှိသည်။ ထို့အပြင်၊ အောက်ဖော်ပြပါစည်းမျဉ်းများသည်လည်း ကလေးများနှင့်သက်ဆိုင်စေရမည်။

ကလေးများကို ၄င်းတို့အား လူ့အဖွဲ့အစည်းအတွင်းသို့ ပြန်လည်ပေါင်းစည်းဝင်ဆံ့မှုကို အထောက်အကူပြုသော၊ ကလေးများ၏ အကောင်းဆုံးအကျိုးကို ထင်ဟပ်စေသော၊ ထိုအသက်အရွယ်ရှိသော လူတစ်ယောက်၏လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်းပြုသော၊ ၄င်းတို့၏ဂုဏ်သိက္ခာရှိမှုနှင့် တန်ဖိုးရှိမှုဆိုင်ရာ ခံစားမှုကိုမြှင့်တင်သည့်ပုံစံဖြင့် ပြုမူဆက်ဆံရပါမည်။

ကလေးများသည် နှိပ်စက်ညှဉ်းပန်းခြင်း၊ ရက်စက်ခြင်း၊ လူသားမဆန်သော သို့မဟုတ် အရှက်ရသိမ်ငယ်စေသော ပြုမူဆက်ဆံခြင်း သို့မဟုတ် အပြစ်ပေးခြင်း၊ ရိုက်နှက်သောပြစ်ဒဏ်၊ သို့မဟုတ် လွတ်ရန်လမ်းမရှိသော တစ်သက်တစ်ကျွန်းပြစ်ဒဏ်ကျခံရခြင်း မရှိစေရ။

ကလေးများကိုချုပ်နှောင်ထားခြင်း သို့မဟုတ် အကျဉ်းချထားခြင်းသည် နောက်ဆုံးမတတ်သာသည့်အခါတွင်သာ ကျင့်သုံးရသည့် ပြင်းထန်သော အရေးယူဆောင်ရွက်ခြင်းဖြစ်ပြီး ချုပ်နှောင်ထားခြင်းကိုလည်းဖြစ်နိုင်သမျှ အတိုတောင်းဆုံးသော ကာလဖြစ်ရပါမည်။

လူကြီးအကျဉ်းချခံရသူများနှင့် ကလေးများကို ခွဲခြားထားရမည်။

ချုပ်နှောင်ခံရသော ကလေးများသည် မိသားစုဝင်များ၏လာရောက်တွေ့ဆုံခြင်းနှင့် စာအဆက်အသွယ်ပြု လုပ်ခြင်းကိုရရှိစေရမည်။

ပြစ်မှုဆိုင်ရာတာဝန်ရှိမှု၏ အနိမ့်ဆုံးအသက်ကို သတ်မှတ်ထားရမည်။

တရားစီရင်ရေးဆိုင်ရာတရားစွဲဆိုခြင်းမဟုတ်သည့် အဖွဲ့အစည်းဆိုင်ရာစောင့်ရှောက်ခြင်းအတွက် အခြားရွေးချယ်နိုင်သောနည်းလမ်းတို့ကိုစီစဉ်ပေးရမည်။

ကလေးများ၏ အနှောက်အယှက်ကင်းသည့်ငြိမ်းချမ်းမှုကို လေးစားရမည်ဖြစ်၍ ပြည့်စုံပြီးလုံခြုံမှုရှိသော မှတ်တမ်းများကို ထိန်းသိမ်းထားရှိရမည် ဖြစ်သလို၊ လျှို့ဝှက်အဖြစ် ထားရှိရမည်။

ကလေးများကို ရုပ်ပိုင်းချုပ်နှောင်ထားခြင်းနှင့် အင်အားအသုံးပြုခြင်းသည်ရှားချက်ဖြစ်ပြီး၊ ၎င်းကိုအခြားသောထိန်းချုပ်အရေးယူဆောင်ရွက်ခြင်းများ ကုန်ဆုံးပြီး မအောင်မြင်သောအခါတွင် နောက်ဆုံးမတတ်သာသည့်အခါတွင်သာ သုံးစွဲရမည်ဖြစ်ပြီး၊ ဖြစ်နိုင်သမျှ အတိုတောင်းဆုံး သုံးစွဲရမည် ဖြစ်ပါသည်။

ကလေးများကို ထိန်းသိမ်းထားရာသို့ လက်နက်များကို သယ်ဆောင် မသွားရ။

စည်းကမ်းများသည် ကလေး၏ဂုဏ်သိက္ခာကိုလေးစားရမည်ဖြစ်ပြီး တရားရေး၊ မိမိကိုယ်မိမိလေးစားခြင်းနှင့် ကလေးတွင်ရှိသော လူ့အခွင့်အရေးကို လေးစားခြင်းဖြစ်သည့် သဘောတရားကိုမွေးမြူသွတ်သွင်းပေးရမည်။

ကလေးများကိုကိုင်တွယ်သည့်အရာရှိများကို အထူး လေ့ကျင့်ပေးထားရမည် ဖြစ်သလို၊ ၎င်းတို့ ကိုယ်တိုင်လည်း ထိုရည်ရွယ်ချက်နှင့် ကိုက်ညီကြသူများဖြစ်ရမည်။

ကလေးများထိန်းသိမ်းထားရှိရာကို စစ်ဆေးသူများကကြေညာမထားဘဲသွားရောက်မှုမျိုးကို ပုံမှန်သွားရောက် နိုင်ရန်စီစဉ်ပေးရမည်။

ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း၊ လွှဲပြောင်းပေးခြင်း၊ ဖျားနာခြင်း၊ ဒဏ်ရာရခြင်း သို့မဟုတ် သေဆုံးခြင်းကို မိဘများထံအကြောင်းကြားရမည်။

## လူ့အခွင့်အရေးများကျင့်စဉ်

*ရဲအရာရှိများအားလုံး*

- လူငယ်ပြစ်မှုကျူးလွန်သူများကို ထိရောက်ပြီး လူသားချင်းစာနာသော ပြုမူဆက်ဆံခြင်းနှင့် စောင့်ရှောက်ခြင်းဆိုင်ရာ အထူးသင်တန်းကို စာရင်းသွင်းတက်ရောက်ပါ။
- လူငယ်ပြစ်မှုကျူးလွန်ခြင်းကို ကာကွယ်ခြင်းနှင့် လူငယ်များပြစ်မှုကျူးလွန်ခံရခြင်းတို့အပေါ် အကူအညီပေးရန်၊ ကလေးများအတွက် ပညာပေးအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ရန်။
- သင်တာဝန်ကျရာနေရာတွင်ရှိသော ကလေးများနှင့် ၄င်းတို့ မိဘများကို သိရှိအောင်လုပ်ပါ။
- ပြစ်မှုဆိုင်ရာအန္တရာယ်ရှိစေနိုင်သောနေရာများနှင့်လူကြီးများ၊ အဆိုပါနေရာမျိုးများတွင်ကလေးများရှိနေခြင်း သို့မဟုတ် အဆိုပါလူကြီးများနှင့် ထိတွေ့မှုရှိခြင်းကို အမြဲသတိရှိပါ။
- အကယ်၍ကလေးများသည် ကျောင်းချိန်အတွင်း ကျောင်းမှာမရှိလျှင်၊ စုံစမ်းစစ်ဆေးပြီး မိဘနှင့်ကျောင်းအာဏာပိုင်များကို အကြောင်းကြားပါ။
- ကလေးများ၏အိမ်၊ လူ့အဖွဲ့အစည်း သို့မဟုတ် ရဲအဆောက်အဦတွင် လျစ်လျူရှုခြင်း သို့မဟုတ် ကလေးများကိုနှိပ်စက်ညှဉ်းပန်းခြင်းအထောက်အထားတစ်စုံတစ်ရာရှိပါက လျင်မြန်စွာစုံစမ်းစစ်ဆေးပါ။
- သင်၏အလုပ်နှင့်ဆက်စပ်လျက်ရှိသောကလေးများ၏ကိစ္စကိုဆွေးနွေးရန် လူမှုရေးဆိုင်ရာလုပ်သားများနှင့် ဆေးဘက်ဆိုင်ရာပညာရှင်များနှင့် ပုံမှန်တွေ့ဆုံပါ။
- ကြီးလေးသောပြစ်မှုမဟုတ်ပါလျှင်၊ လူငယ်ပြစ်မှုကျူးလွန်သူများကိုမိဘများ သို့မဟုတ် လူမှုရေးအဖွဲ့အစည်းများသို့ပို့ပေးရမည်။

- ကလေးများနှင့်သက်ဆိုင်သည့်မှတ်တမ်းများကိုသီးသန့်ခွဲခြားထားရှိ ရမည်ဖြစ်ပြီး လုံခြုံစွာသိုလှောင်ထားရှိပါ။
- လုပ်ဖော်ကိုင်ဖက်တစ်ယောက်သည် လူငယ်များကို ကိုင်တွယ်ရန်မသင့်လျော်၊မကိုက်ညီလျှင်အထက်လူကြီးများအားငှင်းကိုညွှန်ပြပြီးအကြောင်းကြားပါ။

## *ထိန်းချုပ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာအရာရှိများ*

- စောင့်ရှောက်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာအမိန့်များ၊ အကြံဉာဏ်ပေးခြင်း၊ ဆွေးနွေးအကြံပေးခြင်း၊ ခံဝန်ချုပ်ဖြင့်လွှတ်ပေးခြင်း၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းအစီအစဉ်များနှင့် အခြားသင့်လျော်ပြီး အချိုးညီသော အရေးယူဆောင်ရွက်မှုများအပါအဝင် ကလေးများကိုအကျဉ်းချသည့်အဖွဲ့အစည်းသို့ပို့ခြင်း မဟုတ်သည့် အခြားရွေးချယ်စရာအဖြစ် အမျိုးမျိုးသောအစီအစဉ်များကို အသုံးပြုရန်အားပေးပါ။
- မည်သူမည်ဝါဖြစ်ကြောင်းဖော်ပြချက်၊ ကျူးလွန်ခြင်း၏အကြောင်းတရား၊ ဝင်ရောက်သည့်နေ့နှင့်အချိန်၊ လွှဲပြောင်းပေးခြင်းနှင့်လွှတ်ခြင်း၊ မိဘများထံအကြောင်းကြားခြင်း၏အသေးစိတ်၊ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးပြဿနာများ၊ စောင့်ရှောက်ရန်နှင့်ပြုမူဆက်ဆံရန် တာဝန်ချထားသော ဝန်ထမ်းတို့အပါအဝင်၊ ချုပ်နှောင်ထားခြင်းခံရသော လူငယ်များအားလုံး၏ မှတ်တမ်းများကိုအပြည့်အစုံနှင့် လုံခြုံစွာထားရှိပါ။
- အဖွဲ့အစည်း၏ဒါရိုက်တာ၊ သို့မဟုတ် တရားရေးအာဏာပိုင်များ၊နှင့် လူမှုရေးအဖွဲ့အစည်းများသို့ ချုပ်နှောင်ခံရသည့်လူငယ်များက တိုက်ရိုက်တိုင်ကြားရန်နှင့် ဆက်သွယ်ရန်လုပ်ထုံးလုပ်နည်းများကိုရေးဆွဲထားရှိပါ။
- လူငယ်များဆိုင်ရာပြစ်မှုကို ကာကွယ်တားဆီးရန်အတွက် လူ့အသိုက်အဝန်းဆိုင်ရာ အစီအစဉ်များကို ဖော်ထုတ်ခြင်းနှင့်လက်တွေ့ အကောင်အထည် ဖော်ခြင်းတို့တွင်ကူညီပါ။
- လူငယ်ပြစ်မှုကျူးလွန်သူများနှင့် ထိတွေ့ကိုင်တွယ်ရန်ဆီလျော်ကိုက်ညီသည့် အထူးလေ့ကျင့်ပေးထားသော ကျွမ်းကျင်ဝန်ထမ်းများ ကိုစုဆောင်းခြင်း၊ ငှားရမ်းခြင်းပြုလုပ်ပါ။

- လူမှုရေးဆိုင်ရာအဖွဲ့အစည်းများ၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ တရားစီရင်ရေးနှင့် လူ့အသိုက်အဝန်းကိုယ်စားလှယ်များနှင့်ညှိနှိုင်းခြင်းဖြင့်၊ လူငယ်ပြစ်မှုကျူးလွန်သူများကို ပြုမူဆက်ဆံရန်မူဝါဒများကို ပုံမှန်ပြန်လည်သုံးသပ်ခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်း တို့ကိုပြုလုပ်ပေးပါ။
- တရားစီရင်ရေးဆိုင်ရာအရေးယူဆောင်ရွက်မှုသည်သင့်လျော်သောအခါ၊ ချုပ်နှောင်ထားသောလူငယ်များကို တရားရုံးရှေ့မှောက်သို့ပို့ဆောင်နိုင်ရန်အတွက်မြန်ဆန်သည့်လုပ်ထုံးလုပ်နည်းများကိုရေးဆွဲထားပါ။
- လူငယ်တရားစီရင်ရေး၊ ကလေးကာကွယ်စောင့်ရှောက်ရေး၊ဆေးဘက်ဆိုင်ရာနှင့် လူမှုရေးအဖွဲ့အစည်းများနှင့် အနီးကပ်ဆက်သွယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း များပြုလုပ်ပါ။
- အလွန်အမင်းဆင်းရဲခြင်း၊ အိုးအိမ်မရှိခြင်း၊ နှိပ်စက်ညှဉ်းပန်းသည့်အိမ်ထောင်စုများ၊ သို့မဟုတ် ပြစ်မှုထူပြောသောနယ်မြေများအစရှိသည့် ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အထူးသဖြင့်အားနည်းထိခိုက်မှုရှိရန်လွယ်ကူသော အခြေအနေများတွင်ရှိသည့်ကလေးများကို ပုံမှန်ဂရုစိုက်နိုင်ရန်အတွက် မဟာဗျူဟာများကိုရေးဆွဲပါ။
- လူငယ်ဆိုင်ရာပြစ်မှုနှင့် လူငယ်ဆိုင်ရာမတရားဖိနှိပ်ချုပ်ချယ်မှုတို့ကို ကျွမ်းကျင်သူများက ဂရုစိုက်ရန်အတွက် လူငယ် ဆိုင်ရာအထူးသီးသန့်ဌာနတစ်ခုကို ဖြစ်နိုင်ပါက တည်ထောင်ပါ။
- လူငယ်မှတ်တမ်းများကို လျှို့ဝှက်စွာကိုင်တွယ်ရန်အတွက် ရှင်းလင်းသောအမိန့်များကို ထုတ်ပြန်ပါ။
- လူငယ်များကို ကိုင်တွယ်ဆောင်ရွက်ရန် တာဝန်ချထားခံရသည့်ဝန်ထမ်းကိုအနီးကပ်ကြီးကြပ်ရန်နှင့် ကလေးများကိုအလွဲသုံးစားပြုခြင်း၊ မတော်မတရားပြုခြင်း၊ ခေါင်းပုံဖြတ်ခြင်း စသောဖြစ်စဉ်များရှိပါကစုံစမ်းစစ်ဆေးခြင်း၊ တရားသဖြင့်ဖြစ်အောင်တည့်မတ်ပေးခြင်းတို့ကိုပြုလုပ်ပေးပါ။

## အမျိုးသမီးများဆိုင်ရာ လူ့အခွင့်အရေးများ

### လူ့အခွင့်အရေးစံများ

အမျိုးသမီးများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ အများပြည်သူဆိုင်ရာနှင့် အခြားသောနယ်ပယ်များဆိုင်ရာ လူ့အခွင့်အရေးများအားလုံးကို တူညီစွာခံစားရန်နှင့် အကာအကွယ်ရရှိရန်အခွင့်အရေးရှိသည်။

ထိုအခွင့်အရေးများသည်၊ အခြားအရာများအနက်၊ အသက်ရှင်ပိုင်ခွင့်၊ တန်းတူညီမျှမှု၊ လူပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှု၊ ဥပဒေအရတူညီသော အကာအကွယ်ရရှိမှု၊ ခွဲခြားဆက်ဆံခြင်းမှလွတ်လပ်ခြင်း၊ စိတ်ပိုင်းနှင့်ကိုယ်ပိုင်းဆိုင်ရာကျန်းမာရေး အမြင့်ဆုံးရရှိနိုင်မှုစံနှုန်းများ၊တရားမျှတပြီးကောင်းမွန်သော လုပ်ငန်းခွင် အခြေအနေများ၊ နှိပ်စက်ညှဉ်းပန်းခြင်း နှင့် အခြားရက်စက်သော၊ လူသားမဆန်သော၊ အရှက်ရသိမ်ငယ်စေသော ပြုမူဆက်ဆံမှုနှင့် အပြစ်ပေးမှုတို့မှ လွတ်လပ်ခွင့်တို့ပါဝင်ပါသည်။

အမျိုးသမီးများကို အကြမ်းဖက်ခြင်းသည် ကိုယ်ပိုင်း၊ လိင်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာတို့ဖြစ်နိုင်ပြီး၊ ၄င်းတို့တွင် လက်ရောက်မှု၊ လိင်ပိုင်းဆိုင်ရာ အလွဲသုံးမှု၊ သတို့သမီးဘက်ကပေးရသော လက်ဖွဲ့ပစ္စည်းများကို အကြမ်းဖက်မှု၊ လင်ခန်းမယားခန်းနှင့်ဆိုင်သော မုဒိမ်းမှု၊ ထိခိုက်မှုရှိသော ရိုးရာကျင့်စဉ်များ၊ အိမ်ထောင်ဖက်မဟုတ်သော မုဒိမ်းမှုနှင့် အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အနှောက်အယှက်ပေးမှု၊ ပြည့်တန်ဆာ အတင်းအကြပ်လုပ်ခိုင်းခြင်း၊ အမျိုးသမီးများကို လူကုန်ကူးမှုနှင့် ခေါင်းပုံဖြတ်ခြင်း တို့နှင့်ဆက်စပ်သည့်အကြမ်းဖက်မှုများ ပါဝင်ပါသည်။

အမျိုးသမီးများကို အကြမ်းဖက်သည့်ပုံစံအားလုံးသည် အမျိုးသမီးများ၏ လူ့အခွင့်အရေးများ နှင့် အခြေခံလွတ်လပ်ခွင့်များကို ခံစားပိုင်ခွင့်ကိုချိုးဖောက်ခြင်း၊ ထိခိုက်ပျက်စီးစေခြင်း၊ သို့မဟုတ် ပယ်ဖျက်ခြင်းတို့ဖြစ်ပါသည်။

အိမ်တွင်၊ လူ့အသိုက်အဝန်းတွင်၊ သို့မဟုတ် တရားဝင်အဖွဲ့အစည်းများတွင် အများပြည်သူဆိုင်ရာအရာရှိ သို့မဟုတ် ပုဂ္ဂလိကလူများက အမျိုးသမီးများကို ဆန့်ကျင်အကြမ်းဖက်သည့် ပြုလုပ်မှုအားလုံးကို ရဲများသည် ကာကွယ်တားဆီးရန်၊ စုံစမ်းစစ်ဆေးရန်၊ ဖမ်းဆီးရန် ထိုက်သင့်သော ဝီရိယစိုက်ထုတ်ခြင်းဖြင့် ဆောင်ရွက်ရမည်။

အမျိုးသမီးများကို မတရားဖိနှိပ်ခံရခြင်းမှ ကာကွယ်တားဆီးရန် ရဲများသည် ပြင်းပြင်းထန်ထန် တရားဝင်ပြုလုပ်ရမည်ဖြစ်ပြီး၊ ရဲများ၏ပျက်ကွက်မှုကြောင့် သို့မဟုတ် လိင်ကို အလေးမထားသော အတည်ပြုလိုက်နာစေသည့်ကျင့်စဉ်များကြောင့် နောက်ထပ်မတရားဖိနှိပ်မှုများ မပေါ်ပေါက်ကြောင်းကို သေချာစေရန် ပြုလုပ်ပါ။

အမျိုးသမီးများကို အကြမ်းဖက်ခြင်းသည်ပြစ်မှုဖြစ်ပြီး၊ မိသားစုအတွင်းဖြစ်ပွားခြင်းများသည်လည်း အကျုံးဝင်သည်ဟု မှတ်ယူရမည်။

ဖမ်းဆီးခြင်း သို့မဟုတ် ချုပ်နှောင်ထားခြင်းခံရသောအမျိုးသမီးများသည် ခွဲခြားမှုကို ခံစားခြင်းမရှိရသလို အကြမ်းဖက်ခြင်း သို့မဟုတ် ခေါင်းပုံဖြတ်ခြင်းပုံစံအားလုံးမှလည်း ကာကွယ်ထားရှိရမည်။

ချုပ်နှောင်ထားခြင်းခံရသောအမျိုးသမီးများကို အမျိုးသမီးအရာရှိနှင့် ဝန်ထမ်းများကကြီးကြပ်ခြင်းနှင့် ရှာဖွေခြင်းကိုပြုလုပ်ရမည်။

အမျိုးသမီးများကို ချုပ်နှောင်ရာတွင် ချုပ်နှောင်ခံယောကျ်ားများနှင့် သီးခြားချုပ်နှောင်ထားရှိရမည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးနှင့် သားသည်မိခင်များကို ချုပ်နှောင်ထားရှိရာတွင် အထူးအထောက်အပံ့များပေးရမည်။

ဥပဒေကိုအတည်ပြုလိုက်နာစေသော အဖွဲ့အစည်းများသည် လူစုဆောင်းခြင်း၊ ငှားရမ်းခြင်း၊ သင်တန်းပေးခြင်း၊ တာဝန်ချထားခြင်း၊ ရာထူးတိုးခြင်း၊ လစာပေးခြင်း၊ သို့မဟုတ် အလုပ်နှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စများတွင် အမျိုးသမီးများကို ခွဲခြားဆက်ဆံခြင်းမရှိစေရ။

ဥပဒေအတည်ပြုလိုက်နာစေသော အဖွဲ့အစည်းများသည် မျှတသောလူ့အသိုက်အဝန်းကို ကိုယ်စားပြုသည်ကို သေချာစေရန်နှင့် အမျိုးသမီး သံသယရှိခံရသူများ၊ ဖမ်းဆီးခံရသူများ၊ ချုပ်နှောင်ခံရသူများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် လုံလောက်သောအမျိုးသမီး အရေအတွက်ကို စုဆောင်းရမည်။

## လူ့အခွင့်အရေးများကျင့်စဉ်

### *ရဲအရာရှိများအားလုံး*

- အိမ်တွင်းအကြမ်းဖက်ပြစ်မှုများကို တရားဥပဒေအရတူညီသောအခြား လက်ရောက်မှုများကဲ့သို့ပင် ပြုမူဆက်ဆံရမည်။
- အိမ်တွင်းအကြမ်းဖက်ခြင်းနှင့် လိင်အကြမ်းဖက်မှုဆိုင်ရာ ဖုန်းခေါ်ဆိုခြင်းကို လျင်မြန်စွာတုံ့ပြန်ပါ။ ပြစ်မှုကျူးလွန်ခံရသူများအားရရှိနိုင်သော ဆေးဘက်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ပစ္စည်းဆိုင်ရာအကူအညီ တို့ကိုပြောပြရမည်။ လုံခြုံစိတ်ချရသောနေရာသို့ပို့ဆောင်ခြင်းကို ပြုလုပ်ပေးရမည်။

- အိမ်တွင်းအကြမ်းဖက်မှုကို နှံ့နှံ့စပ်စပ်နှင့် ကျွမ်းကျွမ်း ကျင်ကျင် စုံစမ်းစစ်ဆေးရမည်။ ကျူးလွန်ခြင်းခံရသူများ၊ သက်သေများ၊ ပတ်ဝန်းကျင်တွင်နေသူများနှင့် ဆေးဘက်ဆိုင်ရာ ပညာရှင်များကို လူတွေ့မေးမြန်းပါ။
- အိမ်တွင်းအကြမ်းဖက်ဖြစ်ရပ်များဆိုင်ရာ အစီရင်ခံစာ အသေးစိတ်ကိုပြုစု၍ ဆက်လက်အရေးယူဆောင်ရွက်မှုများကို အထက်လူကြီးများနှင့် ပြစ်မှုကျူးလွန်ခံရသောသူတို့နှင့် ဂရုတစိုက်ပြုလုပ်ပါ။ မှတ်တမ်းများအတွင်းရှိ ယခင်ဖြစ်ရပ်များနှင့် တိုက်ဆိုင်၍အစီရင်ခံစာများကို စစ်ဆေးပါ၊ ထပ်မံမဖြစ်ပွားစေရန် လိုအပ်သော အရေးယူ ဆောင်ရွက်မှုအားလုံးကိုပြုလုပ်ပါ။
- ဆေးကုသမှု၊ အုပ်ချုပ်မှုနှင့် အခြားလုပ်ထုံးလုပ်နည်းဆိုင်ရာများပြီးစီးသွားသောအခါ၊ အိမ်တွင်းအကြမ်းဖက်ပြုကျင့်ခြင်းခံရသူအား ၎င်း၏ကိုယ်ပိုင်ပစ္စည်းများကို လုံခြုံစိတ်ချရသော နေရာသို့ ရွှေ့ပြောင်းရန် ၎င်း၏အိမ်သို့အတူလိုက်မည်ဟု ကမ်းလှမ်းပါ။
- အိမ်တွင်းအကြမ်းဖက်ပြုကျင့်ခြင်းခံရသူများကို ကူညီရန်နှင့် အကာအကွယ်ပေးရာတွင် သင်၏ကျွမ်းကျင်မှုများကို တိုးတက်ဖွံ့ဖြိုးစေရန် သင်တန်းတွင် စာရင်းပေးတက်ရောက်ပါ။
- အိမ်တွင်းအကြမ်းဖက်ခြင်းဆိုင်ရာအမှုများကို ကိုင်တွယ်ဖြေရှင်းရန် ဆေးဘက်ဆိုင်ရာပညာရှင်များနှင့် လူမှုရေးအဖွဲ့အစည်းများတို့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ပါ။
- ပြစ်မှုကျူးလွန်သော အမျိုးသမီးများနှင့် ပြစ်မှုကျူးလွန်ခြင်းခံရသောအမျိုးသမီးများနှင့် ဆက်သွယ်ဆောင်ရွက်သော အချိန်တိုင်းတွင် အမျိုးသမီးအရာရှိ ရှိနေခြင်းကို သေချာပါစေ။ ဖြစ်နိုင်လျှင် အမျိုးသမီးလုပ်ဖော်ကိုင်ဖက်များ၏ အကြံပြုချက်များကို လုံးဝလက်ခံပါ။
- အမျိုးသားအချုပ်ကျများနှင့် အမျိုးသမီးများကိုသီးခြားခွဲထားပါ။ အမျိုးသမီးအချုပ်ကျများကို အမျိုးသမီးအရာရှိများကသာကြီးကြပ်ကွပ်ကဲခြင်းနှင့် ရှာဖွေခြင်းကို ပြုလုပ်ပါ။
- အကယ်၍ ယောကျ်ားဖြစ်ပါက၊ အမျိုးသားလုပ်ဖော်ကိုင်ဖက်များနှင့် လိင်ကို သတိမပြုသည့်ပြောဆိုမှုများ၊ နောက်ပြောင်မှုများကိုရှောင်ရှားပါ၊ အားမပေးပါနှင့်။
- အမျိုးသမီးလုပ်ဖော်ကိုင်ဖက်များကို လိင်ကိုအထူးပြုသည့် မှုဝါဒများ၊ ကျင့်စဉ်များ၊ အပြုအမူ သို့မဟုတ် သဘောထားများ

အပေါ်၄င်းတို့၏ခံစားချက်များနှင့် အမြင်များကိုမေးပါ။ သင့်ကိုယ်သင် ပိုမိုကောင်းမွန်လာအောင် စတင်ပြီး၊ ထိုသို့ပြုလုပ်ရန် ၄င်းတို့၏ကြိုးပမ်းအားထုတ်မှုကို ထောက်ခံအားပေးပါ။

### *ထိန်းချုပ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာအရာရှိများ*

- အိမ်တွင်းအကြမ်းဖက်ခြင်းဆိုင်ရာဖုန်းခေါ်ဆိုခြင်းကို လျင်မြန်၍ထိရောက်သောတုံ့ပြန်မှုနှင့် အိမ်တွင်းအကြမ်းဖက်သောပြစ်မှုများကို အခြားလက်ရောက်မှုများနှင့် တရားဥပဒေအရတူညီမှုတို့ အပေါ်ရှင်းလင်းပြတ်သားသော တည်ဆဲအမိန့်ကို ထုတ်ပြန်ပြီး၊ အတည်ပြုလိုက်နာပါစေ။
- အရာရှိများအား အမျိုးသမီးများအပေါ်အကြမ်းဖက်မှုကို ကိုင်တွယ်ဖြေရှင်းခြင်းဆိုင်ရာ ပုံမှန်သင်တန်းများပေးပါ။
- အိမ်တွင်းအကြမ်းဖက်ခြင်းဆိုင်ရာ ဖုန်းခေါ်ဆိုခြင်းအတွက် အထူးရဲတပ်ဖွဲ့ကိုတည်ထောင်ပြီး၊ လူမှုရေးလုပ်သားများကို ရဲ၏အဆိုပါတပ်ဖွဲ့နှင့်အတူ ဆောင်ရွက်ရန် ပူးတွဲတာဝန်ချထားပါ။
- ဆေးဘက်ဆိုင်ရာပညာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ "လုံခြုံစိတ်ချရသောအိမ်များ"၊ သက်ဆိုင်ရာလူ့အသိုက်အဝန်းဆိုင်ရာအဖွဲ့အစည်းများနှင့် နီးကပ်စွာဆက်သွယ်ခြင်းနှင့် ပူးတွဲ မဟာဗျူဟာများကို စီစဉ်ဆောင်ရွက်ပါ။
- ပြစ်မှုဆိုင်ရာမတရားပြုကျင့်ခံရသော အမျိုးသမီးများကို ကိုင်တွယ်ရန် အမျိုးသမီးအရာရှိများကို တာဝန်ချထားပါ။
- လိင်ပိုင်းဆိုင်ရာဘက်လိုက်မှုကို ဖယ်ရှားရန် လူစုဆောင်းခြင်း၊ ငှားရမ်းခြင်း၊ သင်တန်းပေးခြင်းနှင့် ရာထူးမြှင့်တင်ခြင်းဆိုင်ရာမူဝါဒ များကိုပြန်လည်သုံးသပ်ပါ။
- အမျိုးသမီးအချုပ်ကျများကို ရှာဖွေခြင်းနှင့်ကြီးကြပ်ကွပ်ကဲခြင်းကို အမျိုးသမီးအရာရှိများကို တာဝန်ချထားပြီး၊ အမျိုးသားအချုပ်ကျများနှင့် အမျိုးသမီးများကိုသီးခြားခွဲထားပါ။
- ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် သားသည်မိခင်များအတွက် အထူးချုပ်နှောင်ခြင်းဆိုင်ရာ အထောက်အကူများပေးပါ။

- ကိုယ်ဝန်ဆောင်ခြင်း သို့မဟုတ် သားဖွားခြင်းတို့အပေါ်အခြေခံ ပြီးခွဲခြားခြင်းကို တားမြစ်သည့်မူဝါဒများကို အရာရှိများအပေါ် ဆန့်ကျင်ချမှတ်ပါ။
- လိင်ဘက်လိုက်မှုဆိုင်ရာပြဿနာများနှင့်ပတ်သက်၍ တိုင်ကြား ခြင်းများ သို့မဟုတ် အမျိုးသမီးအရာရှိများ၏အကြံပေးခြင်းများ အတွက် ဆက်သွယ်မှုဆိုင်ရာဖွင့်ထားသော လမ်းကြောင်းများကို ရေးဆွဲပါ။
- ပြစ်မှုကိုကာကွယ်တားဆီးရာတွင် ခြေလျင်ကင်းလှည့်ခြင်းများနှင့် လူ့အသိုက်အဝန်းပါဝင်ခြင်း၊ အမျိုးသမီးများကို ဆန့်ကျင်ကျူး လွန်သည့် အကြမ်းဖက်သောပြစ်မှု၏ အန္တရာယ်များကိုလျှော့ချရန် တို့အပါအဝင် ပြစ်မှုထူပြောသောနယ်မြေတွင် ကင်းလှည့်ခြင်းနှင့် တားဆီးကာကွယ်ခြင်း ဆောင်ရွက်ချက်များကို တိုးမြှင့်ပါ။

## ဒုက္ခသည်များနှင့် နိုင်ငံသားမဟုတ်သူများ

### လူ့အခွင့်အရေးစံများ

### ဒုက္ခသည်များ

လူတိုင်းသည် ဖိစီးနှိပ်စက်မှုမှ လွတ်ကင်းရန် အခြားတိုင်းပြည်တစ် ပြည်တွင် နိုင်ငံရေးခိုလှုံခွင့်တောင်းခံရန်နှင့် ခံစားရန်အခွင့်အရေး ရှိသည်။

ဒုက္ခသည်ဆိုသည်မှာ လူမျိုး၊ ဘာသာရေး၊ နိုင်ငံသား၊ သီးခြား လူမှုရေးအုပ်စုတွင် အဖွဲ့ဝင်ဖြစ်သောအကြောင်းကြောင့် ဖိစီး နှိပ်စက်မှု ခံရရန်ခိုင်လုံသော အကြောင်းရှိနေသောကြောင့် သူ သို့မဟုတ် သူမ ၏မူရင်းနိုင်ငံ(သို့မဟုတ်၊ အကယ်၍နိုင်ငံမရှိက၊ သူ သို့မဟုတ် သူမ၏ နေမြဲဖြစ်သောနေအိမ်ရှိရာနိုင်ငံ) သို့ပြန် ရန်မဖြစ်နိုင် သို့မဟုတ် မပြန်လိုသော သူတစ်ဦး ဖြစ်သည်။

ဒုက္ခသည်များသည် အချို့သောနိုင်ငံရေးအခွင့်အရေးများမှ အပ အခြေခံလူ့အခွင့်အရေးအားလုံးကို ခံစားပိုင်ခွင့်ရှိပါသည်၊ သို့သော် လည်း၊ နယ်နိမိတ်အတွင်း တရားမဝင်ဖြစ်ပါက၊ လူထုစနစ်တကျရှိ

မှုနှင့် ကျန်းမာရေးတို့အကျိုးအတွက် လှုပ်ရှားသွားလာခြင်းဆိုင်ရာအချို့သောကန့်သတ်ချက်များကိုအသုံးပြုနိုင်သည်။

လွတ်လပ်သောအသင်းအဖွဲ့၊ ဘာသာရေး၊ အခြေခံပညာရေး၊ အများပြည်သူဆိုင်ရာယုံကြည်မှု၊ တရားရုံးသို့သွားရောက်နိုင်မှု၊ ပစ္စည်းနှင့်အိုးအိမ်တို့ကဲ့သို့သော အခြေခံအခွင့်အရေးများကိုကျင့်သုံးရာ၌ နိုင်ငံသားများကို ခွင့်ပြုသည်များထက် မနိမ့်ကျစေဘဲ ဒုက္ခသည်များကို ပြုမူဆက်ဆံခြင်းအပေါ် ခွင့်ပြုရမည်။

မည်သူကိုမျှ သူ သို့မဟုတ် သူမ၏အသက် သို့မဟုတ် လွတ်လပ်မှုကို ခြိမ်းခြောက်ခြင်းခံရမည်ဖြစ်လျှင် ထိုသူ သို့မဟုတ် သူမ ကို ဖိနှိပ်ညှဉ်းပန်းခြင်းခံရမည် ဖြစ်သော နိုင်ငံတစ်နိုင်ငံသို့ ပြန်မပို့ရ။ ထိုကဲ့သို့သော နိုင်ငံသို့ပြန်ပို့မည့် အခြားနိုင်ငံတစ်နိုင်ငံသို့လည်း မပို့ရ။

ဖိနှိပ်ညှဉ်းပန်းခြင်းပြုသည့်နိုင်ငံမှ အခြားနိုင်ငံ၏ပိုင်နက်အတွင်းသို့ တိုက်ရိုက်ရောက်ရှိလာသော တရားမဝင်ဒုက္ခသည်များသည်အာဏာပိုင်များထံ မဆိုင်းမတွ ၄င်းတို့ကိုယ်တိုင်တင်ပြခဲ့ပါလျှင် ထိုသူတို့ကို အပြစ်မပေးရ။

ဖိနှိပ်ညှဉ်းပန်းသောနိုင်ငံမှတိုက်ရိုက်ရောက်ရှိလာသောဒုက္ခသည်များကိုငြင်းဆန်ခြင်းမပြုရ။ အနိမ့်ဆုံးယာယီဝင်ရောက်ခွင့်ပေးရမည်။

ပိုင်နက်အတွင်းရှိ တရားဝင်ဒုက္ခသည်များသည် လှုပ်ရှားသွားလာခြင်းနှင့် နေထိုင်ခြင်းဆိုင်ရာလွတ်လပ်ခွင့်ရှိရမည်။

ပိုင်နက်အတွင်းရှိ တရားဝင်ဒုက္ခသည်များကို ခရီးသွားအထောက်အထားစာရွက်စာတမ်းနှင့် မည်သူမည်ဝါဖြစ်ကြောင်းအသိအမှတ်ပြုသည့်စာရွက်စာတမ်းများ ခွင့်ပြုပေးအပ်ရမည်။

ခိုလှုံခွင့် တောင်းခံသောသူများအား လိုအပ်သောလုပ်ထုံးလုပ်နည်းများကို အသိပေးသင့်သည်။ ထိုသို့ပြုလုပ်နိုင်ရန်လည်းလိုအပ်သောအထောက်အကူများပေးရမည်။ အပြီးသတ်ဆုံးဖြတ်ချက်မချသေးနိုင်မီအတွင်း ဆက်လက်ထားရှိခြင်းကိုခွင့်ပြုရမည်။

မည်သည့်ဒုက္ခသည်ကိုမဆို အမျိုးသားလုံခြုံရေး သို့မဟုတ် အများပြည်သူအစီအစဉ်တကျရှိမှုတို့မှအပ အခြားအကြောင်းကြောင့် နှင်ထုတ်ခြင်းမပြုရသလို၊ နှင်ထုတ်ပါကလည်းတရားဥပဒေဆိုင်ရာ

ထိုက်သင့်သောလုပ်ငန်းစဉ်နှင့် အညီချမှတ်သော ဆုံးဖြတ်ချက်အပေါ် အခြေခံခြင်းဖြစ်ရမည်။

ဒုက္ခသည်တစ်ဦးကို နှင်ထုတ်ခြင်းမပြုမီ၊ ၎င်းအားသက်သေပြရန်၊ ကိုယ်စားလှယ်ခန့်ထားရန်၊ အထက်အာဏာပိုင်ထံအယူခံတင်ရန်၊ အခွင့်အရေးပေးရမည်။

**နိုင်ငံသားမဟုတ်သူများ**

နိုင်ငံသားမဟုတ်သူများတွင် နိုင်ငံခြားသားများနှင့် နိုင်ငံမရှိသူများ ပါဝင်ပါသည်။

နိုင်ငံသားမဟုတ်သူများသည် အကယ်၍တရားဥပဒေစနစ်နှင့်အညီ ဝင်ရောက်ခဲ့ပါလျှင် သို့မဟုတ် ၎င်းတို့သည်တရားဝင်နေထိုင်ခွင့်ကို ကိုင်ဆောင်ထားလျှင် ပိုင်နက်နယ်ပယ်အတွင်းတရားဝင်ရောက်ရှိနေခြင်းဖြစ်သည်။

ပိုင်နက်နယ်ပယ်အတွင်းတရားဝင်ရှိနေသော နိုင်ငံသားမဟုတ်သူများသည် အချို့နိုင်ငံရေးအခွင့်အရေးများမှအပ လူ့အခွင့်အရေးအားလုံးကိုခံစားခွင့်ရှိသည်။

နိုင်ငံသားမဟုတ်သူများသည် နိုင်ငံသားများကဲ့သို့ပင်ထွက်ခွာရန်နှင့် ဝင်ရောက်ရန် အခွင့်အရေးတူညီစွာရှိသည်။

ပိုင်နက်နယ်ပယ်အတွင်းတွင်တရားဝင်ရှိနေသောနိုင်ငံသားမဟုတ်သူများသည် ထိုနိုင်ငံနှင့်နီးကပ်စွာဆက်နွှယ်ပတ်သက်မှုရှိပြီး၊ ၎င်းတို့ပိုင်အဖြစ်ရှုမြင်ကြလျှင် (နေအိမ်ထားရှိ၊ ထိုနိုင်ငံအတွင်းမွေးဖွားသို့မဟုတ် ထိုနိုင်ငံအတွင်းကြာရှည်စွာနေထိုင်ခဲ့လျှင်) ၎င်းတို့ကို နှင်မထုတ်ရ။

ပိုက်နက်နယ်ပယ်အတွင်းတရားဝင်ရှိနေသော နိုင်ငံသားမဟုတ်သော အခြားသူများသည် အကယ်၍တရားဥပဒေအရဆုံးဖြတ်ခဲ့ပါလျှင်၊ ထိုဆုံးဖြတ်ချက်သည် အကြွင်းမဲ့အာဏာရှင်ဆန်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းတို့မရှိသည့်အခါနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာအာမခံချက်များကို ပေးခဲ့ပြီးဖြစ်ပါလျှင် နှင်ထုတ်ခြင်းခံရနိုင်သည်။

နှင်ထုတ်ရန်အတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာ အာမခံချက်များတွင် ကြားနာခံရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်၏ပြန်လည်သုံးသပ်မှုတို့ရပိုင်ခွင့်၊ ကိုယ်စားလှယ်ထားရှိပိုင်ခွင့်၊ အထက်အရာရှိသို့

အယူခံပိုင်ခွင့်၊ ကုစားမှုတစ်ခုကို ရယူရန်အထောက်အကူအပြည့်အဝ ခံစားပိုင်ခွင့်၊ အယူခံနေစဉ်အတွင်းရှိ နေမြဲအတိုင်း ဆက်လက်တည်ရှိ ပိုင်ခွင့်၊ရရှိနိုင်သော ကုစားခွင့်များကို သိရှိပိုင်ခွင့်တို့ပါရှိပါသည်။

နိုင်ငံတစ်နိုင်ငံလုံးကို နိုင်ငံရေး သို့မဟုတ် စစ်ရေးအရခြိမ်းခြောက်မှုကဲ့သို့သော နိုင်ငံတော်လုံခြုံရေးဆိုင်ရာ လက်ခံရမည်ဖြစ်သော အကြောင်းရင်းများရှိမှသာလျှင် အချို့သော လုပ်ထုံးလုပ်နည်းဆိုင်ရာအာမခံချက်များ၏ ချွင်းချက်များကို ခွင့်ပြုနိုင်သည်။

စုပေါင်း သို့မဟုတ် အုပ်စုလိုက်၊ အဖွဲ့လိုက်နှင်ထုတ်ခြင်းကို တားမြစ်သည်။

ပိုင်နက်နယ်ပယ်အတွင်း တရားဝင်ရောက်ရှိနေသော နိုင်ငံသားမဟုတ်သူ၏ အိမ်ထောင်ဖက်နှင့် အရွယ်မရောက်သေးသောမှီခိုသောကလေးများကို နိုင်ငံသားမဟုတ်သူနှင့် ပေါင်းစည်းခွင့်ပြုရမည်။
နိုင်ငံသားမဟုတ်သူအားလုံးကို ၎င်းတို့၏ကောင်စစ်ဝန်ရုံးနှင့် သံရုံးအဖွဲ့များနှင့် ဆက်သွယ်ရာတွင် လွတ်လပ်မှုရှိစေရမည်။

နှင်ထုတ်ခြင်းခံရသော နိုင်ငံမရှိသူများကို လက်ခံမည့်မည်သည့်နိုင်ငံသို့မဆို ထွက်ခွာရန်ခွင့်ပြုရမည်ဖြစ်ပြီး၊ ၎င်းတို့၏လူ့အခွင့်အရေးများကို ချိုးဖောက်မည့်မည်သည့်နိုင်ငံကိုမျှ ပို့ပေးခြင်းမရှိစေရ။

## လူ့အခွင့်အရေးစံများ

### *ရဲအရာရှိများအားလုံး*

- သင်၏တာဝန်ကျရာနယ်မြေတွင် အခြားနိုင်ငံမှ လူမျိုးများကို ကြောက်ရွံ့မုန်းတီးခြင်း သို့မဟုတ် လူမျိုးရေးမုန်းတီးရေးလှုပ်ရှားမှုအထောက်အထားများကို သတိရှိပါ။
- ဒုက္ခသည်များနှင့် နိုင်ငံမရှိသူများကို အကူအညီပေးနေသော လူမှုရေးဆိုင်ရာအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ပါ။
- အခြားနိုင်ငံမှ အခြေစိုက်ရန်ဝင်လာသူများ များပြားစွာထားရှိရာနယ်မြေများတွင်၊ နှင်ထုတ်ခြင်းခံရမည်ကို ကြောက်ရွံ့စိုးရိမ်ခြင်းမရှိဘဲ ထိုနေထိုင်သူများက ရဲ၏အကာအကွယ်နှင့် အကူအညီတောင်းခံနိုင်ခွင့်ရှိကြောင်း စိတ်အေးစေရန်အားပေးပါ။

- နိုင်ငံတွင်းတွင်တရားမဝင်ရှိနေသော နိုင်ငံသားမဟုတ်သူများသည် လူဝင်မှုကြီးကြပ်ရေးအဆင့်အတန်းဆိုင်ရာ အကြောင်းရင်းတခုတည်းကြောင့် ပြစ်မှုကျူးလွန်သူများ၊ ပြစ်မှုဆိုင်ရာသံသယရှိနေသူများမဟုတ်ကြောင်း လုပ်ဖော်ကိုင်ဖက်များကို သတိပေးပါ။
- ဒုက္ခသည်များနားခိုရာနှင့် စခန်းများအတွက် သိသာသော လုံခြုံရေးကို ဆောင်ရွက်ပေးပါ။

***ထိန်းချုပ်ခြင်းနှင့်ကြီးကြပ်ခြင်းဆိုင်ရာအရာရှိများ***

- ဒုက္ခသည်များနှင့် နိုင်ငံမရှိသူများ၏အထူးခုခံနိုင်စွမ်းမရှိခြင်းနှင့် အကာအကွယ်ပေးမှုဆိုင်ရာလိုအပ်ချက်များအတွက် ရှင်းလင်းပြတ်သားသောအမိန့်များကိုထုတ်ပြန်ပါ။
- လူမျိုးရေးမုန်းတီးသူလှုပ်ရှားမှုနှင့် အခြားနိုင်ငံမှလူမျိုးများကိုကြောက်ရွံ့မုန်းတီးခြင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုတို့ကိုတိုက်ဖျက်ရန် လူ့အသိုက်အဝန်းဆိုင်ရာကိုယ်စားလှယ်များနှင့် ပူပေါင်းဆောင်ရွက်ရန်စီမံချက်များကိုရေးဆွဲပါ။
- ဒုက္ခသည်ထူပြောသောနေရာများရှိသောနယ်မြေများတွင် ခြေလျင်လှည့်ကင်းများကိုဖွဲ့စည်းထားရှိပြီး၊ အဆိုပါနယ်မြေများတွင် ရဲစခန်းခွဲများ တည်ထောင်ရန်စဉ်းစားပါ။
- လူဝင်မှုကြီးကြပ်ရေးဥပဒေများကိုအတည်ပြုလိုက်နာစေခြင်းထက် အကာအကွယ်ပေးခြင်းကိုအာရုံစိုက်သော ရည်ညွှန်းကိုးကားရန် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီလုပ်ဆောင်ရန်၊ လိုအပ်သောတရားဥပဒေဆိုင်ရာသင်တန်း၊ ဘာသာစကားကျွမ်းကျင်မှုနှင့် လူမှုရေးဆိုင်ရာကျွမ်းကျင်မှုရှိသည့် အထူးတပ်ဖွဲ့များကိုတည်ထောင်ထားရှိပါ။
- နယ်စပ်ထိန်းသိမ်းခြင်းနှင့် လူဝင်မှုကြီးကြပ်ရေးဥပဒေကိုအတည်ပြုလိုက်နာစေခြင်းတို့အတွက်တာဝန်ရှိသောရဲတပ်ဖွဲ့များကို ဒုက္ခသည်များနှင့် နိုင်ငံသားမဟုတ်သူများ၏အခွင့်အရေးများနှင့် အဆိုပါအုပ်စုများကိုပေးနိုင်သော လုပ်ထုံးလုပ်နည်းဆိုင်ရာ အာမခံချက်များဆိုင်ရာအထူးသင်တန်းများကိုပေးပါ။
- လိုအပ်ချက်များရှိနေသော ဒုက္ခသည်များနှင့် နိုင်ငံသားမဟုတ်သူများအား အထောက်အကူဝန်ဆောင်မှုများကိုပေးသော လူမှုရေးအဖွဲ့အစည်းများနှင့်အနီးကပ်ဆက်သွယ်ဆောင်ရွက်ပါ။

## ပြစ်မှုကျူးလွန်ခြင်းခံရသူများ၏ လူ့အခွင့်အရေးများ

### လူ့အခွင့်အရေးစံများ

ပြစ်မှု၊ လုပ်ပိုင်ခွင့်အာဏာကိုအလွဲသုံးခြင်း၊ လူ့အခွင့်အရေးများကို ချိုးဖောက်ခြင်းများက ကျူးလွန်ခြင်းခံရသူများကို ကရုဏာထား ခြင်းနှင့် လေးစားခြင်းတို့ဖြင့်ပြုမူဆက်ဆံရမည်။

ပြစ်မှုကျူးလွန်ခြင်းခံရသူများသည် တရားစီရင်ရေးယန္တရားနှင့် လျင် မြန်စွာ တရားသဖြင့်ဖြစ်စေခြင်းတို့ကို ရရှိစေရမည်။

တရားသဖြင့်ဖြစ်စေခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများသည် မြန်ဆန် ထိရောက်၊ မျှတ၊ အကုန်အကျမများခြင်းတို့နှင့် ရယူနိုင်စေခြင်း တို့ရှိရမည်။

တရားသဖြင့်ဖြစ်စေခြင်းနှင့် အကာအကွယ်များကိုရယူရာတွင် ပြစ်မှု ကျူးလွန်ခံရသူများကို ၎င်းတို့၏အခွင့်အရေးများကို အသိပေး ပြောကြားရမည်။

ပြစ်မှုကျူးလွန်ခံရသူများကို ပုံမှန်စစ်ဆေးစီရင်ခြင်းများ၊ အတိုင်းအ တာ၊ အချိန်ကိုက်နှင့် စစ်ဆေးစီရင်ခြင်းဆိုင်ရာ တိုးတက်မှုများနှင့် အမှုများကို စီစဉ်ခြင်းတို့တွင် ၎င်းတို့၏အခန်းကဏ္ဍကိုအသိပေး အကြောင်းကြားရမည်။

ပြစ်မှုကျူးလွန်ခံရသူများကို ၎င်းတို့၏ကိုယ်ပိုင်အကျိုးစီးပွားများ ထိခိုက်သောအခါတွင် ကိစ္စအားလုံးအပေါ် ၎င်းတို့၏အမြင်နှင့်ခံစား ချက်များကို တင်ပြခြင်းကို ခွင့်ပြုရမည်။

ပြစ်မှုကျူးလွန်ခံရသူများ၏ လိုအပ်သော ဥပဒေရေးရာ၊ ပစ္စည်း၊ ဆေးပညာဆိုင်ရာ၊ စိတ်ပညာဆိုင်ရာနှင့် လူမှုရေးအကူအညီအားလုံး ကို ရရှိစေရမည်ဖြစ်ပြီး၊ ၎င်းတို့ကို ရရှိနိုင်ကြောင်းကိုလည်း အသိပေး အကြောင်းကြားရမည်။

ပြစ်မှုကျူးလွန်ခံရသူများ၏အမှုများကို ကိုင်တွယ်ရာတွင် ၎င်းတို့၏အဆင်မပြေမှုကို နည်းအောင်ပြုလုပ်ရမည်။

ပြစ်မှုကျူးလွန်ခံရသူများ၏ သီးသန့်ရှိမှုနှင့် လုံခြုံမှုတို့ကိုအကာ အကွယ်ပေးရမည်။

ပြစ်မှုကျူးလွန်ခံရသူများ၏ အမှုများကိုကိုင်တွယ်ရာတွင် မလိုလား အပ်သော နှောင့်နှေးကြန့်ကြာမှုကိုရှောင်ရှားရမည်။

သင့်တော်ပါလျှင်၊ ပြစ်မှုကျူးလွန်သူများသည် လျော်ကြေးပေးသင့်သည်။

အများပြည်သူဆိုင်ရာ အရာရှိများသည်မှားယွင်းခဲ့ပါလျှင်၊ အစိုးရသည်လျော်ကြေးပေးသင့်သည်။

ငွေကြေးဆိုင်ရာလျော်ကြေးကို ပြစ်မှုကျူးလွန်သူထံမှရရှိနိုင်စေသင့်သည်၊ သို့မဟုတ် အကယ်၍မရရှိနိုင်ပါက၊ အစိုးရထံမှရရှိနိုင်စေသင့်သည်။

ပြစ်မှုကျူးလွန်းခြင်းခံရသူများ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရဲများကိုလေ့ကျင့်ထားရမည်ဖြစ်ပြီး၊ သင့်တော်ပြီး မြန်ဆန်စွာအကူအညီများပေးနိုင်မှုသေချာစေရန် လမ်းညွှန်များကိုပြဋ္ဌာန်းပေးသင့်သည်။

## လူ့အခွင့်အရေးများကျင့်စဉ်

***ရဲအရာရှိများအားလုံး***

- ပြစ်မှုကျူးလွန်ခြင်းခံရသူများအားလုံးကို ရှင်းလင်းပြီးနားလည်နိုင်သောဘာသာစကားဖြင့် ဥပဒေရေးရာ၊ ပစ္စည်း၊ ဆေးပညာဆိုင်ရာ၊ စိတ်ပညာဆိုင်ရာနှင့် လူမှုရေးအကူအညီများကို ရရှိနိုင်ကြောင်းအသိပေးပြောကြားရမည်ဖြစ်ပြီး၊ အကယ်၍၎င်းတို့ကလိုချင်ပါက၊ ၎င်းတို့အား ထိုအကူအညီများနှင့် တိုက်ရိုက်ထိတွေ့နိုင်ရန် ပြုလုပ်ပေးပါ။
- ပြစ်မှုကျူးလွန်ခြင်းခံရသူများသို့ ရရှိနိုင်သည့်အကူအညီများကို သတင်းအချက်အလက်အားလုံးနှင့်အတူ ဆက်သွယ်ရမည့်စာရင်းကို လက်လှမ်းမီအောင်ပြုလုပ်ထားရှိပါ။
- ပြစ်မှုကျူးလွန်ခံရသူများကို ၎င်းတို့၏အခွင့်အရေးများ၊ တရားဥပဒေရေးရာစစ်ဆေးစီရင်ခြင်းများတွင် ၎င်းတို့၏အခန်းကဏ္ဍ၊ အတိုင်းအတာ၊ အချိန်ကိုက်နှင့် စစ်ဆေးစီရင်ခြင်းဆိုင်ရာတိုးတက်မှုများနှင့် အမှုများကိုစီစဉ်ခြင်းတို့တွင် ၎င်းတို့၏အခန်းကဏ္ဍနှင့်အခွင့်အရေးများကို ဂရုတစိုက်ရှင်းလင်းပြောပြပါ။
- ဆေးကုသမှုဆိုင်ရာဝန်ဆောင်မှုများနှင့် ပြစ်မှုကျူးလွန်ခံရသူများ၏နေအိမ်သို့ ပို့ဆောင်ပေးခြင်းကိုပြုလုပ်ရမည်ဖြစ်သလို၊ ဥပစာများကိုစစ်ဆေးခြင်းနှင့် နယ်မြေကို ကင်းလှည့်ပေးခြင်းတို့ကိုပြုလုပ်ပေးရန်ကမ်းလှမ်းပါ။
- ပြစ်မှုကျူးလွန်ခြင်းခံရသူအား အကူအညီပေးသည့် သင်တန်းကို စာရင်းသွင်း တက်ရောက်ပါ။

- ပြစ်မှုကျူးလွန်ခံရသူများ၏ မှတ်တမ်းများကိုလုံခြုံစွာသိမ်းဆည်းထားပြီး၊ ၎င်းတို့၏ လျှို့ဝှက်ချက်များကိုဂရုတစိုက်ကာကွယ်စောင့်ရှောက်ပါ။ ဤရည်ရွယ်ချက်များအတွက် ဆောင်ရွက်မည့်စီမံချက်များကို ပြစ်မှုကျူးလွန်ခြင်းခံရသူများကို အသိပေးအကြောင်း ကြားရမည်။
- လိုအပ်သည့်လုပ်ထုံးလုပ်နည်းများကို ဆောင်ရွက်ပြီးသည့်အခါ ပြစ်မှုကျူးလွန်ခြင်းခံရသူများ၏ပြန်လည်ရရှိသောမည်သည့်ပစ္စည်းကိုမဆို ဖြစ်နိုင်သမျှဆောလျင်စွာ ပြန်လည်ပေးအပ်ရမည်။

***ထိန်းချုပ်ခြင်းနှင့်ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာအရာရှိများ***

- အရာရှိအားလုံးကို ပြစ်မှုကျူးလွန်ခြင်းခံရသူအား အထောက်အကူပြုသင်တန်းပို့ချပါ။
- ဆေးကုသမှု၊ လူမှုရေး၊ တရားဥပဒေနှင့် အခြားပြစ်မှုကျူးလွန်ခြင်းခံရသူအား အထောက်အကူပြုအဖွဲ့အစည်းများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရန်လုပ်ထုံးလုပ်နည်းများကိုရေးဆွဲဖော်ထုတ် ပါ။
- ရဲအရာရှိများ (အမျိုးသားနှင့် အမျိုးသမီး)၊ ဆေးကုသမှု ဆိုင်ရာ သို့မဟုတ် ဆေးဘက်အကူပညာရှင်များ၊ လူမှုရေးလုပ်သားများနှင့် အကြံပေးပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းထားသော ပြစ်မှုကျူးလွန်ခြင်းခံရသူများအား အထောက်အကူပြုတပ်ဖွဲ့ကို လျင်မြန်စွာ ဖြန့်ကြက်ချထားရန် တည်ထောင်ထားပါ။
- ပြစ်မှုကျူးလွန်ခြင်းခံရသူများ၏ လိုအပ်သောတရားဥပဒေရေးရာ၊ ပစ္စည်း၊ ဆေးကုသမှုဆိုင်ရာ၊ စိတ်ကုသမှုဆိုင်ရာနှင့် လူမှုရေးအကူအညီများအတွက် လျင်မြန်၊ သင့်တော်ပြီး ကျယ်ကျယ်ပြန့်ပြန့်အာရုံစိုက်ပေးခြင်းကိုသေချာစေရန်၊ တရားဝင် ပြစ်မှုကျူးလွန်ခံရသူအား အကူအညီပေးရန်လမ်းညွှန်များကို ရေးဆွဲထားရှိပါ။
- ပြန်လည်ပြီးမတရားဖိနှိပ်ခံရခြင်းကို တားဆီးကာကွယ်ခြင်းကို အလေးထားလျက်၊ ကာကွယ်တားဆီးခြင်းဆိုင်ရာ မဟာဗျူဟာများကို ရေးဆွဲချမှတ်ရာတွင် ပြစ်မှုဆိုင်ရာ မှတ်တမ်းများကို ပြန်လည်သုံးသပ်ပါ။
- အမှန်ရောက်အောင်ပြုပြင်မှု နှင့် တရားမျှတမှုတို့ကို ရရှိအောင် ဆောင်ရွက်ရာတွင် ပြစ်မှုကျူးလွန်ခြင်းခံရသူများ၏ အမှုများကို မြန်ဆန်စေရန်နှင့် ဆောင်ရွက်ရန် အရာရှိများအား တာဝန်သတ်မှတ်ချထားပေးပါ။

## ရဲထိန်းချုပ်ခြင်းနှင့် စီမံခန့်ခွဲခြင်း

### လူ့အခွင့်အရေးစံများ

ဥပဒေကိုအတည်ပြုလေးစားလိုက်နာစေသော အရာရှိများသည် ၄င်းတို့အလုပ်အကိုင်အရလိုအပ်သည့်တာဝန်ရှိမှု၏မြင့်မားသောအတိုင်းအတာနှင့်အညီ လူ့အသိုက်အဝန်းကို အလုပ်အကျွေးပြုရန်နှင့် ဥပဒေနှင့် မညီသောပြုလုပ်မှုများကို ဆန့်ကျင်၍ လူအားလုံးကို ကာကွယ် စောင့်ရှောက်ရန် ဥပဒေအရ ၄င်းတို့အပေါ် ထားရှိသော တာဝန်များကို အမြဲတမ်းကျေပွန်စွာ ထမ်းဆောင်ရမည်။

ဥပဒေကို အတည်ပြုလေးစားလိုက်နာစေသောအရာရှိများသည် မည်သည့်အဂတိလိုက်စားမှုကိုမျှ ကျူးလွန်ခြင်းမရှိစေရ။ ၄င်းတို့သည် အဆိုပါပြုလုပ်မှုအားလုံးကို တင်းတင်းကြပ်ကြပ်ဆန့်ကျင်ကာ တိုက်ဖျက်ကြရမည်။

ဥပဒေကိုအတည်ပြုလေးစားလိုက်နာစေသောအရာရှိများသည် လူ့ဂုဏ်သိက္ခာကို လေးစားကာ ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ပြီး လူအားလုံး၏လူ့အခွင့်အရေးကိုထိန်းသိမ်း၊ စောင့်ရှောက်ရပါမည်။

ဥပဒေကို အတည်ပြုလေးစားလိုက်နာစေသောအရာရှိတိုင်းသည် ယေဘုယျအားဖြင့် လူ့အသိုက်အဝန်းကိုကိုယ်စားပြုကာ၊ တုံ့ပြန်ရမည်ဖြစ်ပြီး တာဝန်ခံရပါမည်။

ရဲတပ်ဖွဲ့များ၏ စုဆောင်းခြင်း၊ ငှားရမ်းခြင်း၊ တာဝန်ချထားခြင်း၊ ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ မူဝါဒများသည် တရားမဝင်ခွဲခြားမှု ပုံစံအားလုံးမှ ကင်းစင်ရမည်။

စုံစမ်းစစ်ဆေးခြင်းများ၊ ဖမ်းဆီးခြင်းများ၊ အချုပ်ချထားခြင်း၊ အင်အားနှင့် သေနတ်လက်နက်အသုံးပြုခြင်း၊ ပြစ်မှုကျူးလွန်ခြင်းခံရသူကို အကူအညီပေးခြင်းနှင့် ရဲတပ်ဖွဲ့၏လှုပ်ရှားမှုဆိုင်ရာအခြားကိစ္စများကို ရှင်းလင်း၊ ပြည့်စုံ၊ တိကျသောမှတ်တမ်းများထားရှိရမည်။

လူ့အခွင့်အရေးကို ထိခိုက်စေမည့် ရဲတပ်ဖွဲ့၏လှုပ်ရှားမှုဆိုင်ရာ အခြားကိစ္စများအားလုံးအတွက် သင်တန်းနှင့် လမ်းညွှန်မှုများကိုရရှိနိုင်စေရန် ပြုလုပ်ရေးဆွဲထားရှိရမည်။

ရဲတပ်ဖွဲ့များသည် ကွဲပြားခြားနားသောအင်အားအသုံးပြုခြင်းဆိုင်ရာ နည်းလမ်းများကိုရရှိနိုင်စေရန် ပြုလုပ်ထားရှိရမည်ဖြစ်သလို၊၎င်းတို့ ကိုအသုံးပြုရန် အရာရှိများကိုလည်းသင်တန်းပေးရမည်။

အင်အား သို့မဟုတ် သေနတ်လက်နက်အသုံးပြုရသောဖြစ်ရပ်အား လုံးကို အထက်အရာရှိများသို့ အစီရင်ခံရမည်ဖြစ်ပြီး၊ အထက် အရာရှိ များကလည်း ပြန်လည်ဆင်ခြင်သုံးသပ်ရမည်။

အထက်အရာရှိများသည် ၎င်းတို့၏ထိန်းချုပ်မှုအောက်ရှိ ရဲများ၏ ဆောင်ရွက်ချက်များသည် အလွဲသုံးခြင်းရှိသည်ကိုသိရှိ သို့မဟုတ် သိရှိသင့်သော်လည်း ထိရောက်သောအရေးယူမှုကိုပြုလုပ်ခြင်း မရှိ ခဲ့ပါက အထက်အရာရှိများသည် တာဝန်ရှိကြောင်းဆုံးဖြတ်ရမည်။

တရားဥပဒေနှင့်မညီသော အထက်အမိန့်များကို ငြင်းဆန်သော အရာရှိများကို ကင်းလွတ်ခွင့်ပေးရမည်။

လျှို့ဝှက်သော သတင်းများကို လုံခြုံစွာကိုင်တွယ်ရမည်။

ပြည်သူ့ရဲတပ်ဖွဲ့ဝင်အားလုံးသည် သင့်တော်သောစိတ်ပိုင်း၊ ရုပ်ပိုင်း ဆိုင်ရာ အရည်အချင်းရှိရမည်။

ပြည်သူ့ရဲအားလုံးသည် အဆက်မပြတ်နှင့် ထိရောက်သည့် အစီရင် ခံခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ လိုက်နာ ဆောင်ရွက်ရမည်။

ပြည်သူ့ရဲများသည် ထိရောက်သည့်တရားဥပဒေနှင့် ညီညွတ်သည့် လူ့အခွင့်အရေးစံနှုန်းများကို လေးစားလိုက်နာသည့်၊ တရားဥပဒေ ကို အတည်ပြုလေးစားလိုက်နာမှုဆိုင်ရာ မဟာဗျူဟာများကို ရေးဆွဲ ချမှတ်ရမည်။

## လူ့အခွင့်အရေးများဆိုင်ရာကျင့်စဉ်

### *ထိန်းချုပ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာအရာရှိများ*

- ဥပဒေကို အတည်ပြုလိုက်နာစေရေး အရာရှိများအတွက် ဆန္ဒအ လျောက်လိုက်နာရမည့် ကိုယ်ကျင့်တရားဆိုင်ရာ ကျင့်ဝတ်စည်း ကမ်းကို ရေးဆွဲချမှတ်ရမည်။

- ပြည်သူ့ရဲများလုပ်ဆောင်ရသည့် နယ်ပယ်များအားလုံးတွင် လူ့အခွင့်အရေးများနှင့်ပတ်သက်၍ ရှင်းလင်းပြတ်သားပြီး စည်းနှောင်အားရှိသည့်တည်ဆဲအမိန့်များကို ထုတ်ပြန်ရမည်။
- ဤလမ်းညွှန်တွင် ပါရှိသည့်ရဲအလုပ်ဆိုင်ရာ လူ့အခွင့်အရေးကဏ္ဍများကို အလေးထားသည့် အဆက်မပြတ်ဌာနတွင်း သင်တန်းနှင့်ဝင်ရောက်ရမည့်အဆင့်ကို ရဲအရာရှိအားလုံးအတွက် စီစဉ်ထားရှိရန်။
- တရားဥပဒေကို အတည်ပြုလိုက်နာစေရန် တာဝန်များဆိုင်ရာသင့်တော်သော လက္ခဏာများကိုသတ်မှတ်ရန်၊ တပ်ဖွဲ့ဝင်အသစ်စုဆောင်းခြင်းနှင့် အရာရှိအားလုံးအပေါ် ပုံမှန်အကဲဖြတ်ခြင်းဆိုင်ရာ စစ်ဆေးခြင်းလုပ်ငန်းစဉ်များကို ဂရုတစိုက် ရေးဆွဲထားရှိရမည်။
- အောက်ဖော်ပြပါအခန်းတွင် ညွှန်ပြပါရှိသည့်အတိုင်း၊ လူ့အသိုက်အဝန်းထိန်းချုပ်ခြင်းဆိုင်ရာမဟာဗျူဟာကို ရေးဆွဲထားရှိရမည်။
- မှတ်တမ်းထိန်းသိမ်းခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ တင်းကြပ်သောလမ်းညွှန်များကို ထုတ်ဖော်ထားရှိပြီး၊ အတည်ပြု လိုက်နာစေရမည်။
- လူ့အသိုက်အဝန်း၏အဖွဲ့ဝင်များက ပေးပို့သောတိုင်ကြားချက်များကိုလက်ခံရေးအတွက် ကျင့်သုံးရန်လွယ်ကူသောယန္တရားကို ရေးဆွဲထားရှိပြီး၊ အဆိုပါ တိုင်ကြားချက်များကို အပြည့်အဝစုံစမ်းစစ်ဆေး၍ အမှန်သို့ရောက်ရှိအောင် ဆောင်ရွက်ပေးရမည်။
- မျှတပြီးခွဲခြားမှုမရှိသော လူစုဆောင်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာမူဝါဒများအပါအဝင် ရဲတပ်ဖွဲ့ကို ဖွဲ့စည်းပေါင်းစပ်မှုသည် လူ့အသိုက်အဝန်းတစ်ရပ်လုံးကို ကိုယ်စားပြုမှု သေချာစေသည့်စီမံချက်ကို ရေးဆွဲထားရှိရမည်။
- ထိန်းချုပ်ခြင်းကျွမ်းကျင်မှုနည်းလမ်း၊ နည်းပညာများနှင့် တရားဥပဒေကို အတည်ပြုလိုက်နာစေခြင်းဆိုင်ရာ သင့်တော်ပြီးထိရောက်သော အရည်အချင်းများကို ရေးဆွဲချမှတ်နိုင်ရန်၊ နည်းပညာအကူအညီများကို အပြည်ပြည်ဆိုင်ရာနှင့် နှစ်နိုင်ငံအကြား ပြုလုပ်သော အစီအစဉ်များမှ ရယူရမည်။
- ရာထူးချထားခြင်း၊ လစာပေးခြင်းကိုရပ်ဆိုင်းခြင်း၊ အလုပ်မှထုတ်ပယ်ခြင်းမှသည် ပြင်းထန်သောချိုးဖေါက်မှုများအတွက် ပြစ်မှုဆိုင်ရာတရားစွဲဆိုခြင်းအထိ ရဲ၏ ချိုးဖေါက်မှုများကို အရေးယူဆောင်ရွက်နိုင်ရန် သင့်တော်သော ပြစ်ဒဏ်အမျိုးမျိုးကို ထုတ်ဖော်ပြုလုပ်ပြီး ကြေညာရမည်။

- လက်နက်များနှင့် ခဲယမ်းမီးကျောက်ကိုထိန်းသိမ်းခြင်း၊ သိုလှောင်ခြင်းနှင့် ထုတ်ပေးခြင်းတို့ကို တင်းကြပ်စွာ စည်းမျဉ်းစည်းကမ်းဖြင့်ထိန်းသိမ်းရမည်။
- ချုပ်နှောင်ထားရာ အဆောက်အဦ၊ ရဲစခန်းများနှင့် စခန်းခွဲများကို မကြေညာထားသော ရုတ်တရက်စစ်ဆေးခြင်းနှင့် ရဲများကကိုင်ဆောင်သောလက်နက်များနှင့် ခဲယမ်းမီးကျောက်တို့ကို ၄င်းတို့က တရားဝင်စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုသေချာစေရန် စစ်ဆေးခြင်းတို့ကို ပုံမှန်လုပ်ဆောင်ရပါမည်။
- အခြားတရားဥပဒေအတည်ပြုလိုက်နာစေသောအဖွဲ့အစည်းများ၊ တရားသူကြီးများနှင့် တရားစွဲဆိုသူများ၊ ဆေးကုသမှုဆိုင်ရာအထောက်အကူများ၊ လူမှုရေးဝန်ဆောင်မှုအဖွဲ့အစည်းများ၊ အရေးပေါ်ဝန်ဆောင်မှုများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် လူ့အသိုက်အဝန်းအဖွဲ့အစည်းတို့နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်သည့်ဆက်ဆံခြင်းကိုတည်ထောင်ရမည်။
- လူငယ်များ၊ ပြစ်မှုကျူးလွန်ခြင်းခံရသူများ၊ လူအုပ်စု၏အခြေအနေများ၊ အမျိုးသမီးများကိုချုပ်နှောင်သောနေရာများ၊ နယ်စပ်ထိန်းချုပ်မှု စသည်ဖြင့်တို့ကို ရဲများဂရုစိုက်မှုကိုကျွမ်းကျင်လာစေရန် အထူးတပ်ဖွဲ့များကိုဖွဲ့စည်းထူထောင်ပါ။

## လူ့အသိုက်အဝန်းကိုထိန်းချုပ်ခြင်း

### လူ့အခွင့်အရေးများကျင့်စဉ်

- ရဲနှင့် လူ့အသိုက်အဝန်း၏ဥပဒေကိုလေးစားလိုက်နာသောအဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်ခြင်းကိုတည်ထောင်ပါ။
- လူ့အသိုက်အဝန်းဆက်ဆံရေးမူဝါဒနှင့် ဆောင်ရွက်ရန်စီမံချက်တို့ကိုလက်ခံကျင့်သုံးပါ။
- လူ့အသိုက်အဝန်း၏ကဏ္ဍအားလုံးမှ လူစုဆောင်းခြင်းကိုပြုလုပ်ပါ။
- အမျိုးမျိုးအစားစားကိုကိုင်တွယ်ဖြေရှင်းရန်အရာရှိများကိုလေ့ကျင့်ပေးပါ။

- လူ့အသိုက်အဝန်းကိုကမ်းလင့်ထောက်ကူခြင်းနှင့် အများပြည်သူသတင်းပေးခြင်းဆိုင်ရာအစီအစဉ်များကို ထုတ်ဖော်ပါ။
- လူ့အသိုင်းအဝိုင်းရှိအုပ်စုအားလုံးနှင့် မှန်မှန်ဆက်သွယ်ထိတွေ့ပါ။
- အတည်ပြုလိုက်နာစေခြင်းမဟုတ်သော လှုပ်ရှားဆောင်ရွက်မှုများမှတဆင့် လူ့အသိုက်အဝန်းနှင့်အဆက်အသွယ်များကို တည်ထောင်ပါ။
- အရာရှိများကို အမြဲတမ်းပတ်ဝန်းကျင်ဒေသလမ်းကြောင်းတွင် တာဝန်ချထားပါ။
- လှုပ်ရှားမှုများကို ထိန်းချုပ်ရာတွင်နှင့် လူ့အသိုက်အဝန်းကိုအခြေခံသည့် အများပြည်သူလုံခြုံရေးအစီအစဉ်များတွင် လူ့အသိုက်အဝန်းပါဝင်ဆောင်ရွက်ခြင်းကို တိုးမြှင့်ပါ။
- ပြဿနာများနှင့် စိုးရိမ်ပူပန်စရာကိစ္စများကိုသိရှိအောင်လုပ်ခြင်းတွင်လူ့အသိုက်အဝန်းကို ပါဝင်ပါစေ။
- ရိုးရာမဟုတ်သည့်နည်းလမ်းများနှင့် မဟာဗျူဟာများအပါအဝင် သီးသန့်လူအသိုက်အဝန်းပြဿနာများကို တုံ့ပြန်ခြင်းကိုထုတ်ဖော်ရန် ဖန်တီးနိုင်စွမ်းရှိသော ပြဿနာဖြေရှင်းခြင်းဆိုင်ရာ ချဉ်းကပ်မှုကို အသုံးပြုပါ။
- အစိုးရဆိုင်ရာအဖွဲ့အစည်းများ၊ အစိုရမဟုတ်သည့်အဖွဲ့အစည်းများနှင့် မူဝါဒများ၊ မဟာဗျူဟာများနှင့် လှုပ်ရှားမှုများကို ညှိနှိုင်းဆောင်ရွက်ပါ။

## ရဲများကလူ့အခွင့်အရေးချိုးဖောက်ခြင်း

### လူ့အခွင့်အရေးစံများ

တရားဥပဒေကိုအတည်ပြုလိုက်နာစေသော အရာရှိများသည် လူ့ဂုဏ်သိက္ခာကို လေးစားလိုက်နာပြီး အကာအကွယ်ပေးရမည်ဖြစ်သလို လူအားလုံး၏လူ့အခွင့်အရေးများကို ထိန်းသိမ်းစောင့်ရှောက်ရမည်။

တရားဥပဒေကိုအတည်ပြုလိုက်နာစေသော အဖွဲ့အစည်းများသည် လူ့အသိုက်အဝန်းတစ်ခုလုံးကို တာဝန်ခံရမည်။

တရားဥပဒေကိုအတည်ပြုလိုက်နာစေသောအရာရှိများ၏ ထိရောက်စွာကြီးကြပ်ကွပ်ကဲခြင်းနှင့်အတူ အတွင်းစည်းကမ်းနှင့် အပြင်ထိန်းချုပ်မှုတို့ကို သေချာမှုရှိစေရန် ထိရောက်သောယန္တရားကို တည်ထောင်ထားရှိရမည်။

တရားဥပဒေကို အတည်ပြုလိုက်နာစေသောအရာရှိများသည် ချိုးဖေါက်ခြင်းတစ်ရပ်ရှိခဲ့သည် သို့မဟုတ် ရှိတော့မည်ဟုယုံကြည်ရန် အကြောင်းရှိပါက ထိုအကြောင်းကို အစီရင်ခံရမည်။

တရားဥပဒေကိုအတည်ပြုလိုက်နာစေသောအရာရှိများကို ဆန့်ကျင်၍အများပြည်သူတို့၏အဖွဲ့ဝင်များက တိုင်ကြားသည်များကို လက်ခံရန်နှင့် ဆက်လက်ဆောင်ရွက်ရန် တို့အတွက် ပြဋ္ဌာန်းချက်များချမှတ်ရမည်ဖြစ်ပြီး၊ ထိုပြဋ္ဌာန်းချက်များ ရှိနေခြင်းကို လူအများသိအောင်ပြုလုပ်ရမည်။

ချိုးဖေါက်မှုများ အပေါ်စုံစမ်းစစ်ဆေးခြင်းများသည် မြန်ဆန်ခြင်း၊ ကျွမ်းကျင်မှုရှိခြင်း၊ နံ့စပ်ခြင်းနှင့် ဘက်လိုက်မှုကင်းခြင်း တို့ရှိရမည်။

စုံစမ်းစစ်ဆေးခြင်းများသည် ကျူးလွန်ခြင်းခံရသူမည်သူမည်ဝါဖြစ်ကြောင်းရှာဖွေရမည်ဖြစ်ပြီး သက်သေခံပစ္စည်းကိုပြန်လည်ရရှိပြီး ထိန်းသိမ်းခြင်း၊ သက်သေကိုရှာဖွေခြင်း၊ ချိုးဖေါက်သည့်နေရာ ၊ အချိန်၊ အကြောင်းရင်းနှင့် ကျူးလွန်ပုံများကိုရှာဖွေခြင်းနှင့် ကျူးလွန်သူကို ဖော်ထုတ်သတ်မှတ်၍ ဖမ်းဆီးခြင်းတို့ကို ဆောင်ရွက်ရမည်။

ပြစ်မှုဖြစ်ပွားရာနေရာကို ဂရုတစိုက်အရေးယူဆောင်ရွက်ရမည်။

အထက်အရာရှိများသည် အလွဲသုံးခြင်းဖြစ်ပွားသည်ကို သိရှိခြင်း သို့မဟုတ် သိရှိထားသင့်သော်လည်း ထိရောက်သောအရေးယူမှုကို ပြုလုပ်ခြင်း မရှိခဲ့ပါက အထက်အရာရှိများသည် တာဝန်ရှိကြောင်းဆုံးဖြတ်ရမည်။

တရားဥပဒေနှင့်မညီသော အထက်အမိန့်များကို ငြင်းဆန်သောအရာရှိများကို တရားစွဲဆိုခြင်း သို့မဟုတ် အရေးယူခြင်းမှ ကင်းလွတ်ခွင့်ပေးရမည်။

အထက်အမိန့်များကို လိုက်နာရခြင်းသည် ရဲများကကျူးလွန်သောချိုးဖေါက်မှုများအတွက် ခုခံချေပချက် မဖြစ်စေရ။

***ထိန်းချုပ်ခြင်းနှင့်ကြီးကြပ်ကွပ်ကဲခြင်းဆိုင်ရာအရာရှိများ***

- ပြည်သူ့ရဲနှင့်လာရောက်ဆက်သွယ်သော လူအားလုံး၏ လူ့အခွင့်အရေးများကို အကာအကွယ်ပေးခြင်းအပေါ် ရှင်းလင်းသော တည်ဆဲအမိန့်များကို ထုတ်ပြန်ရမည်ဖြစ်ပြီး ပုံမှန်သင်တန်းများကို ပြုလုပ်ပေးရမည်။ အရာရှိအားလုံးသည် အခွင့်အရေးရှိသလို တာဝန်လည်းရှိကြောင်း၊ တရားဥပဒေနှင့်မညီသော အထက်အမိန့်များကို ငြင်းဆန်ရမည်ဖြစ်သလို၊ အဆင့်မြင့်အရာရှိထံ ထိုကဲ့သို့သော တရားဥပဒေနှင့် မညီသည့်အမိန့်များကို ချက်ချင်းအစီရင်ခံရမည်ဖြစ်ကြောင်း အလေးထား ဖော်ပြရမည်။
- သင့်လျော်သည့်စုံစမ်းစစ်ဆေးမှု၏ရလဒ်မထွက်ပေါ်လာမီ၊ လူ့အခွင့်အရေးများချိုးဖောက်မှုတွင်ပါဝင်ပတ်သက်နေသောအရာရှိတစ်စုံတစ်ဦးကို အမှုထမ်းခြင်းမှ ဖယ်ရှားရမည်။ စစ်ဆေးစီရင်ပြီးနောက်၊ အကယ်၍အရာရှိတစ်ဦးကို အပြစ်ရှိကြောင်းတွေ့ရှိပါလျှင် ပြစ်မှုဆိုင်ရာနှင့်စည်းကမ်းပိုင်းဆိုင်ရာအရေးယူခြင်းကို ပြုလုပ်ချမှတ်ရမည်။ အပြစ်မရှိပါလျှင်၊ အရာရှိ၏အမည်ကို ရှင်းလင်းပြီး၊ အကျိုးခံစားခွင့်အားလုံးကို ပြန်လည်ပေးအပ်ရမည်။
- အရာရှိအားလုံး၏လွတ်လပ်ပြီး အတွင်းစုံစမ်းစစ်ဆေးခြင်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအပြည့်အစုံကို၊ လိုအပ်သောဖုံးကွယ်ထားခြင်းမရှိသည့်၊ ရှင်းလင်းသော မူဝါဒဆိုင်ရာဖော်ပြချက်နှင့် သက်ဆိုင်ရာအမိန့်များကိုထုတ်ပြန်ကြေညာရမည်။
- လွတ်လပ်ပြီး အတွင်းစုံစမ်းစစ်ဆေးခြင်းများကို အနှောက်အယှက် သို့မဟုတ် ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းအပေါ် ကြီးလေးသော အရေးယူခြင်းများကိုထုတ်ဖော်၍တင်းတင်းကျပ်ကျပ်အတည်ပြုလိုက်နာစေရမည်။
- အဖွဲ့အစည်းအတွင်း အဆင့်ဆင့်ထိန်းချုပ်မှု၏ ထိရောက်မှုကို ပုံမှန်ပြန်လည်ဆင်ခြင်ရမည်ဖြစ်ပြီး၊ ညွှန်ပြသည့်နေရာများတွင် အဆင့်ဆင့်ထိန်းချုပ်မှုကို တောင့်တင်းခိုင်မာစေရန် မြန်ဆန်စွာ အရေးယူဆောင်ရွက်ရမည်။
- အစီရင်ခံစာများကိုကြိုတင်ပြင်ဆင်ခြင်း၊ သက်သေခံပစ္စည်းကို စုဆောင်းခြင်းနှင့် ထိန်းသိမ်းထားရှိခြင်း၊ သက်သေကိုလျှို့ဝှက်

ထားရှိခြင်းကိုအကာအကွယ်ပေးရန် လုပ်ထုံးလုပ်နည်းများအပေါ် ရှင်းလင်းသော လမ်းညွှန်များကိုပြဋ္ဌာန်းရမည်။

- ဤလမ်းညွှန်တွင်ပါရှိသည့် ပြည်သူ့ရဲလုပ်ငန်း၏ လူ့အခွင့်အရေးများ ဆိုင်ရာကဏ္ဍကို အလေးပေးလျက် အရာရှိအားလုံး ကို တက်ရောက်ရန် အဆင့်နှင့် စဉ်ဆက်မပြတ်ဌာနတွင်းသင်တန်းကို သတ်မှတ်စီစဉ် ရမည်။
- တရားဥပဒေကို အတည်ပြုလိုက်နာစေခြင်းဆိုင်ရာ တာဝန်အတွက် သင့်လျော်သောလက္ခဏာကို စဉ်းစားဆုံးဖြတ်ရန် တပ်သားသစ်စုဆောင်းရန် စစ်ဆေးခြင်းလုပ်ငန်းစဉ်ကို ဂရုတစိုက်ထုတ်ဖော်ပြီး၊ အရာရှိများကို ပုံမှန်အကဲဖြတ်ရမည်။
- လူ့အသိုက်အဝန်း၏အဖွဲ့ဝင်များကပေးပို့သောတိုင်ကြားချက်များကိုလက်ခံရရှိခြင်းအတွက် လက်ခံရရှိအောင်ပြုလုပ်သောယန္တရားကိုရေးဆွဲထားရှိပြီး၊ အဆိုပါတိုင်ကြားချက်များကိုအပြည့်အဝစုံစမ်းစစ်ဆေး၍ အမှန်သို့ရောက်ရှိအောင် ဆောင်ရွက်ပေးရမည်။
- လက်နက်များနှင့် ခဲယမ်းမီးကျောက်ကိုထိန်းသိမ်းခြင်း၊ သိုလှောင်ခြင်းနှင့် ထုတ်ပေးခြင်းတို့ကို တင်းကြပ်စွာစည်းမျဉ်းစည်းကမ်းဖြင့်ထိန်းသိမ်းရမည်။
- ချုပ်နှောင်ထားရာအဆောက်အဦ၊ ရဲစခန်းများနှင့် စခန်းခွဲများကို မကြေညာထားသော ရုတ်တရက်စစ်ဆေးခြင်းနှင့် ရဲများကကိုင်ဆောင်သောလက်နက်များနှင့် ခဲယမ်းမီးကျောက်တို့ကို ၎င်းတို့က တရားဝင်စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း ရှိစေရန် စစ်ဆေး ခြင်းတို့ကို ပုံမှန်လုပ်ဆောင်ရပါမည်။

# လူ့အခွင့်အရေးစံများနှင့်ကျင့်စဉ် အတွက်အရင်းအမြစ်များ

ဤလမ်းညွှန်တွင်ပါရှိသည့်လူ့အခွင့်အရေးစံများနှင့် ကျင့်စဉ်၏အနှစ်ချုပ်များသည် အောက်တွင်ဖော်ပြပါရှိသော လူ့အခွင့်အရေး အရင်းအမြစ်များကို အခြေခံပါသည်။ ဤစာချုပ်စာတမ်းများ၏ စာသားအပြည့်အစုံအတွက် ကျေးဇူးပြု၍ အောက်ပါသို့ဆက်သွယ်ပါ။

လူ့အခွင့်အရေးဆိုင်ရာကုလသမဂ္ဂမဟာမင်းကြီးရုံး

Palais des Nations
8-14 avenue de la Paix
CH-1211 Geneva 10
Switzerland

Tel: +41 22 917 9159

**အရင်းအမြစ်များ**

- အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း
- အများပြည်သူနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာအပြည်ပြည်ဆိုင်ရာ ပဋိညာဉ်စာချုပ်
- နှိပ်စက်ညှဉ်းပန်းခြင်းနှင့် အခြားရက်စက်သော၊ လူသားမဆန်သော သို့မဟုတ် အရှက်ရသိမ်ငယ်စေသော ပြုမူဆက်ဆံခြင်း သို့မဟုတ် အပြစ်ပေးခြင်းတို့ကို ဆန့်ကျင်တိုက်ဖျက်သော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်
- ကလေးများ၏အခွင့်အရေးများဆိုင်ရာအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်
- လူမျိုးရေးခွဲခြားရေးဆိုင်ရာ ပုံစံအားလုံးကို ပပျောက်စေခြင်းဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်
- အမျိုးသမီးများကို ဆန့်ကျင်ခွဲခြားထားသော ပုံစံအားလုံးကို ပပျောက် စေခြင်းဆိုင်ရာအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်
- တရားဥပဒေကိုအတည်ပြုလိုက်နာစေခြင်းဆိုင်ရာအရာရှိများ အတွက်ကျင့်ဝတ်စည်းကမ်း

- တရားဥပဒေကိုအတည်ပြုလိုက်နာစေရေးအရာရှိများက အင်အားနှင့် သေနတ်လက်နက်ကို အသုံးပြုခြင်းဆိုင်ရာ အခြေခံမူသဘောတရားများ
- မည်သည့်ပုံစံဖြင့်မဆိုထိန်းသိမ်းချုပ်နှောင်ခြင်း သို့မဟုတ် အကျဉ်းချထားခြင်းခံရသော သူအားလုံးကိုအကာအကွယ်ပေးခြင်းဆိုင်ရာ မူသဘောတရားအစု
- ပြစ်မှုနှင့် အာဏာကိုအလွဲသုံးမှု၏ ပြစ်မှုကျူးလွန်ခြင်းခံရသူအတွက် တရားစီရင်ရေးဆိုင်ရာ အခြေခံမူသဘောတရားများဆိုင်ရာ ကြေညာချက်
- လူအားလုံးကို အတင်းအကြပ်ကွယ်ပျောက်သွားခြင်းမှ အကာအကွယ်ပေးခြင်းဆိုင်ရာ ကြေညာစာတမ်း
- တရားဥပဒေပြင်ပ၊ အကြွင်းမဲ့အာဏာရှင်ဆန်သောနှင့် အကျဉ်းနည်း ကွပ်မျက်ခြင်းများအပေါ် ထိရောက်စွာ အကာအကွယ်ပေးခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ မူသဘောတရားများ
- တရားစွဲဆိုသူများ၏အခန်းကဏ္ဍဆိုင်ရာလမ်းညွှန်ချက်များ
- အမျိုးသမီးများကို အကြမ်းဖက်ခြင်းကိုပပျောက်စေခြင်းဆိုင်ရာ ကြေညာစာတမ်း
- ချုပ်နှောင်ခြင်းမပြုသော အရေးယူဆောင်ရွက်မှုဆိုင်ရာကုလသမဂ္ဂ အနိမ့်ဆုံးစံဆိုင်ရာ နည်းဥပဒေများ(တိုကျိုနည်းဥပဒေများ)
- လူငယ်တရားစီရင်ရေးဆိုင်ရာ ကုလသမဂ္ဂ အနိမ့်ဆုံးစံဆိုင်ရာ နည်းဥပဒေများ (ဘေဂျင်းနည်းဥပဒေများ)
- လွတ်လပ်မှုကို ပိတ်ပင်ခြင်းခံရသောလူငယ်များကို အကာအကွယ်ပေးခြင်းဆိုင်ရာ ကုလသမဂ္ဂနည်းဥပဒေများ
- ပြစ်မှုကာကွယ်တားဆီးခြင်းနှင့် ပြစ်မှုဆိုင်ရာတရားစီရင်ရေးနယ်ပယ်တွင် အမျိုးသမီးများကိုအကြမ်းဖက်ခြင်းကို ပပျောက်ရေးဆိုင်ရာ နမူနာမဟာဗျူဟာများနှင့် လက်တွေ့အရေးယူဆောင်ရွက်မှုများ

*

*   *